မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၅၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံးထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လွယ်မွေဒေသ ပတ်ဝန်းကျင်ကျေးရွာများနှင့် အခြားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျိုင်းတုံ–လွယ်မွေကားလမ်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လွယ်မွေပန်းသီးခြံသို့ရောက်ရှိပြီး လက်ဖက်ပျိုးခြံတွင် ပျိုးပင် ၂၄၀၀ ပျိုးထောင်ထားရှိမှုနှင့် ပန်းသီး၊ ပန်းသစ်တော်၊ လက်ဖက်နှင့် နှစ်ရှည်စားပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

မျိုးဆက်သစ်တို့၏စွမ်းအားဖြင့် ကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးဖော်ဆောင်

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ယနေ့ကာလတွင် နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းများကို တစိုက်မတ်မတ် ဖော်ဆောင်ကြိုးပမ်းလျက်ရှိရာ အခြေခံကျောင်းသစ်များ၊ မူလတန်းလွန်ကျောင်းများကို တိုးချဲ့တည်ဆောက်ပေးနိုင်မှုကြောင့် အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်ရှိလာပြီ။ အခြေခံပညာကျောင်းသားဦးရေ ခုနစ်သန်းကျော် စာပေသင်ကြားနိုင်ကြပြီ။ ထိုနည်းတူ တက္ကသိုလ်ကောလိပ်ပေါင်း ၁၆၁ခု ဖွင့်လှစ်ထားရာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ခုနစ်သိန်းကျော် အဆင့်မြင့်ပညာရပ်များ သင်ကြားလျက်ရှိသည်။

အောင်ရလင်း၏ ဆောင်းပါး စာ(၄ နှင့် ၅)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

22-9 (01) 1 9/22/07, 1:44 AM

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်)

ကျေးလက်ပြည်သူများ သွားလာမှုအဆင်ပြေစေမည့် ခရိုင်ချင်းဆက်လမ်းများ အမြန်ပြီးစီးရေး ဖော်ဆောင်

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်လမ်းများ တိုးမြှင့်ဖောက်လုပ်ခဲ့၍ ကျေးလက်နေပြည်သူများ ဒေသတစ်ခုမှတစ်ခုသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီ ဖြစ်သည်။

ကျေးလက်လမ်းများ အဆင့်မြင့်မားလာသည်နှင့်အမျှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသောကဏ္ဍများ တိုးတက် ဖြစ်ထွန်းလာခဲ့သည်။

ယခုအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့် အမှတ်(၂)တို့ကို ဖောက်လုပ်ပေးလျက် ရှိသည်။

ခရိုင်ချင်းဆက် အမှတ်(၁)လမ်းသည် မန္တလေးတိုင်း တံတားဦးမြို့နယ်မှစပြီး ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၃) လမ်းမကြီးအထိ ခရီးမိုင်၄၀၀ကျော် ရှိသည်။ ယင်း ခရိုင်ချင်းဆက်လမ်းမကြီးကို ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်မှ စတင်ဖောက်လုပ်လျက်ရှိပြီး မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း(အနောက်ခြမ်း)နှင့် ရန်ကုန်တိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားခြင်း ဖြစ်သည်။

ထိုသို့ အမှတ်(၁) ခရိုင်ချင်းဆက်လမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ဖောက်လုပ်နေခြင်းဖြစ်သည်။ ယင်းလမ်း၏ အစိတ်အပိုင်းအချို့ ဖောက်လုပ်ပြီး၍ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင အသုံးပြုနေကြပြီ ဖြစ်သည်။

၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျေးလက်နှင့်မြို့ပြ လမ်းမိုင်စုစုပေါင်း ၁၃၆၃၅မိုင် ရှိခဲ့ရာမှ တပ်မတော်အစိုးရ လက်ထက်တွင် လမ်းမိုင်စုစုပေါင်း၁၉၀၄၁မိုင် ရှိလာခဲ့ပြီဖြစ်၍ လမ်းမိုင်၅၄၀၆မိုင် တိုးချဲ့ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ကျေးလက်ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ကျေးလက်လမ်းများကို ကျေးရွာချင်း၊ မြို့နယ်ချင်းသာမက ခရိုင်ချင်းဆက်လမ်းများကိုပါ ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျေးဇူးရှင်ဖခင်ကြီး (ဦးလှမောင်)၂၉–၇–၂၀၀၇ရက်တွင် (၅)နှစ်ပြည့်အားရည်စူး၍ တနင်္သာရီတိုင်း ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ကျောက်ဖျာလမ်း အမှတ် ၁၃၁နေ ကျန်ရစ်သူ မိခင်ကြီး ဒေါ်စိန်ကြည်အားအမှူးပြု၍ သားသမီး၊ မြေးမြစ်တစ်စုက ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ(ပဲခူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၂–၉–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၂၅ ၅။ ကျန်းမာသုတ
- ၁၂:၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **"ပျားရည်ဆမ်းတဲ့ အနမ်းကဗျာ"** ဒွေး၊ နန္ဒာလှိုင် (ဒါရိုက်တာ–မောင်ဇေဒါ)
- ၁၃:၅၀ ၇။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၄:၂၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၂၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၃၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၉။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၀။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
- ၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၂၄)
- ၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ **(၄၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် "စိတ်၏စေရာ ၃၀၂"** (အပိုင်း–၁) နေတိုး၊ အိန္ဒြာကျော်ဇင်

မြောက်ဥက္ကလာပ မြတ်ပညာစာကြည့်တိုက်၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ်ရုံးမှ ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းကို ဩဂုတ် ၃၁ ရက်က (ဆ)ရပ်ကွက် မြတ်ပညာ စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌဦးစန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ရီရီရှိန်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကို ကျင်းပရာ စာပေဝါသနာရှင်တစ်ဦးက စာရေးဆရာချစ်နိုင် (စိတ်ပညာ)၏ အကြီးအမှူးဖြစ်စေတတ်သော စာအုပ်မှ ခေါင်းဆောင်၏တာဝန်များဆောင်းပါးကို ဖတ်ကြားပြီး အခမ်းအနား တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကာ ပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိဘ ဦးရော်ရင် – ဒေါ်ဘီနှင့် ဘိုးဘွား၊ ဆွေမျိုးများအား ရည်စူး၍ အမှတ် ၁၁၀ ထီးတန်းလမ်းမ ကြည့်မြင်တိုင်မြို့နယ်နေ ဦးဝင်းအောင်–ဒေါ်လှလှရီ၊ ဦးညိမ်းလွင်၊ ကိုဌေးလွင်၊မခင်စန်းကြူ မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က–ပ)

ဗလငါးတန် ဖွံ့ဖြိုးမို့ စာအုပ်စာပေ လေ့လာစို့

■ ရှေ့ဖုံးမှ

အမြဲမပြတ်

ဆက်လက်၍ တိုင်းမှူးသည် မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် အဝေးပြောတယ်လီဖုန်း ဆက်သွယ်ရေးစခန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်များရေရှည်အသုံးပြုနိုင်ရန်အတွက် လိုအပ်သော စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုများ အမြဲမပြတ် ဂရုပြု ဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် လွယ်မွေဒေသရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်နှင့် စတုရဋ္ဌသုမင်္ဂလကျောင်းတိုက်များသို့ သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်အိတ်များ ဆက်ကပ်လှူဒါန်းပြီး စတုရဋ္ဌ သုမင်္ဂလာစေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် တိုင်းမှူးသည်လွယ်မွေနယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းရှိ သင်တန်းသား အိပ်ဆောင်များနှင့် စားရိပ်သာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာသင်တန်းသားများအတွက် ထောက်ပံ့ငွေများကို သင်တန်းကျောင်းတာဝန်ခံသို့ ပေးအပ်သည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် နယ်မြေခံတပ်ရင်း၏ နှစ်ရှည်ပင် လက်ဖက် ၁၀ဧက စိုက်ပျိုးထားရှိမှုနှင့် ပြည်နယ်သစ်တော ဦးစီးဌာနယာယီ ပျိုးဥယျာဉ် သစ်ပင်ပျိုးပင်များ စုဆောင်း ပျိုးထောင်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွယ်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အစည်းအဝေးကို ကျိုင်းတုံမြို့ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ လွယ်မွေဒေသ ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ နယ်စပ်ဒေသနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက လွယ်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းကော်မတီအဖွဲ့များမှ အရှိန်အဟုန်မပျက် ဆောင်ရွက်ရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် လွယ်မွေဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်က လွယ်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများက လွယ်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက လွယ်မွေဒေသကို အခြေခံပြီး ပတ်ဝန်းကျင်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာတွင်ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင် မြန်မာ ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက်ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဒေါ်တင်တင်ရွှေ ဦးဆောင်သော ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်း ငွေကျပ် ၂၂၂၀၀၀ကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် လသာမြို့နယ် ၁၇လမ်း အမှတ်-၃၃နေ ဖခင် ကိုမင်ဇော်ဟောင်(ခ)ဦးမောင်လှမိခင် တော်လေအိမ်း(ခ)ဒေါ်လေးတို့အား ရည်စူး၍ ကျန်ရစ်သူသားသမီးမြေးမြစ်တစ်စုတို့က မဟာရံတံတိုင်းတစ်ခန်း အတွက် အလှူငွေကျပ်သုံးသိန်းကို နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခေတ်မီမွေးမြူရေး နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Welcome General Trading Co., Ltd. (Myanmar)နှင့် Inve NUTRI-AD Belgium Co., တို့ ပူးပေါင်းကျင်းပသည့် ခေတ်မီမွေးမြူရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် Welcome General Trading Co., Ltd. မှ ဦးပြည့်ဖြိုးအောင်က ခေတ်မီတိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆေးဝါးများ အသုံးပြုမှုဆိုင်ရာများကို လည်းကောင်း၊ Inve NUTRI-AD, Belgium Co. မှ အာဟာရဗေဒ ပညာရှင် Mr. Jan Maarten Persyn က မွေးမြူရေးအာဟာရ ဗေဒဆိုင်ရာများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၁

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဗိုလ်ချိုမြေမြင့်ဆွေ၊ မကျည်းတန်(လှိုင်ကော်)၊ ချွန်းသာ၊ မောင်တင့်လွင်(ပေါက်)၊ မိုးပန်းမွန် (ရာမည)၊ ကိုစိုင်းထက်မြက်သိမ်း၊ အောင်ထွန်းလင်း(ချောက်)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ ပွင့်မွန်မွန်သိမ်းတို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ အုန်းမြင့်(မဟာဝိဇ္ဇာ)၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ဦးဗကလေး၊ သာနိုင်အောင်(ကျိုက်မရော)၊ နေမျိုးသန့်၊ မောင်ဉာဏ်လင်း(တောင်ကုတ်)၊ သူရိန်ဝင်း(ဧီးကုန်း)၊ ပျော်ဘွယ်မောင်အေး၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မအေးငြိမ်း(ပခုက္ကူ)၊ ကိုဇော်ဝင်း(လှတော)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ဒေါ်မိမိလေး၊ စေတနာလှိုင်(ရေစကြို)၊ ဖွဲ့သန်းသျှင်း (သုံးဆယ်)၊ ဒေါက်တာလှဖေ၊ တင်အောင်သွင်၊ လယ်တွင်းသားစောချစ်၊ မောင်မောင်ကျော့(ပလက်ဝ)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ တင်ဝင်း(ပညာရေး)၊ ကိုသက်(ဧီးကုန်း)၊ ဦးစံတင်အောင်(ရွှေဘို)၊ အောင်ခြိမ့်မိုး၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြမြလှိုင်၊ မောင်ခြိမ့်၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်ဝင်းမြင့်၊ နေဝန်းနီ၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စာပေအလင်း စာပေသတင်း၊ စာအုပ်စဉ်၊ ဗုဒ္ဓစာဥယျာဉ်၊ ကာတွန်းများအပြင်၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်စသည့် ကဏ္ဍစုံဖြင့် သုတ ရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၉-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓမ္မာအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၅ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Grammar made Easy
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ စိတ်၏စေရာ ၃၀၂(အပိုင်း-၁) (နေတိုး၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၁၃:၀၅ ၆။ တေးဂီတအစီအစဉ်
- ၁၃:၂၀ ၇။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ ဆွေးနွေးခန်း)
- ၁၃:၃၀ ၈။ အကပြိုင်ပွဲ
- ၁၃:၄၅ ၉။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (နန်းမြင့်ကျေးရွာမှ လက်ရက်ကန်း ချည်ထည်များ)
- ၁၃:၅၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၁၅ ၁၁။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၄:၂၀ ၁၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၄:၃၀ ၁၃။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၄:၄၅ ၁၄။ International News
- ၁၅:၀၀ ၁၅။ အစီအစဉ်ပြီး၏

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် ပထမတန်းအဆင့်] (အမျိုးသမီး)
- ၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၃၅ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ အလှရာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၁။ မြန်မာ(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ကရာတေးဒို)
- ၁၉:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၆၀)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စရာ့ပျိုကညာ** (အပိုင်း-၅)
- ၁၇။ နောက်တစ်နေ့အစီအစဉ်

ဗိုလ်တထောင်မြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်ကို စက်တင်ဘာ ၂၅ရက်က သီရိမာလာကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းက ခြောက်ဘာသာဂုဏ်ထူးရှင် မမေမင်းပိုက်အား ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၀၇(စနေနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **"ဒါနနဲ့သာရ မရ ဆန်းစစ်ကြစို့"** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၈:၀၀-၂:၀၀ ဒေသရောအစားအစာ ပုသိမ်ဟာလဝါ
- ၈:၁၅-၂:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၄၀-၂:၄၀ ရွှေရောင်ကြယ်ပွင့်လေး တစ်ပွင့်
- ၈:၅၀-၂:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅-၂:၅၅ ထိမ်းမြားလက်ထပ် ပြီးစီးခြင်း (အကယ်ဒမီလူမင်းနှင့် ခင်စံပယ်ဦး)
- ၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀-၃:၂၀ ဟူးကောင်းကျားများ တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၉:၃၅-၃:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀-၃:၄၀ လန်းဆန်းတက်ကြွ လူငယ်ဘဝ
- ၁၀:၀၀-၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၅-၄:၀၅ ပျော်ပျော်ရွှင်ရွှင် ဟာသပညာရှင် (ဟာသသရုပ်ဆောင် ဖိုးဖြူနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅-၄:၂၅ သစ်သီးပင်မျိုးပွားနည်းများ
- ၁၀:၃၅-၄:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၅-၄:၄၅ ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ချိုမြမွှေးမွှေးပဲဆီနှင့်ကျန်းမာရေး)
- ၁၁:၂၀-၅:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅-၅:၂၅ "အင်း" ငွေပန်းထိမ်ရဲ့ အငွေ့အသက်
- ၁၁:၄၅-၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၀-၅:၅၀ တစ်ပတ်အတွင်း အားကစားသတင်း
- ၁၂:၀၅-၆:၀၅ တေးဂီတအစီအစဉ်
- ၁၂:၁၀-၆:၁၀ သွေးလွန်တုပ်ကွေး ဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာ ကျော်မြင့်ဝေ)
- ၁၂:၃၅-၆:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀-၆:၄၀ Movie Mistakes (TROY)
- ၁:၀၀ -၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၀၀	ပွဲကြိုသုံးသပ်ချက်	ESPN (Live)
၈:၂၅	Liverpool-Birmingham	ESPN(Live)
	Arsenal-Derby	Star Sports (Live)
၁၀:၄၀	Fulham-Man City	Star Sports (Live)
၁၁:၀၀	Middlesbrough-Sunderland	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	AC Milan-Parma	5- Cartoon (Live)

မျိုးဆက်သစ်တို့၏စွမ်းအားဖြင့် ကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးဖော်ဆောင်

အောင်ရဲလင်း

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည်။ ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန်အတွက် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်က ပညာရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ပေးနေသည်။

ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာအရည်အသွေး မြင့်မားတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နိုင်ငံတော်က မြှင့်တင်အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၇ ခုနှစ်အတွင်း အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင် ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉–၁–၂၀၀၇ ရက်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာကောလိပ် ၄၉ ခုကို နည်းပညာတက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဒီဂရီကောလိပ်သုံးခုကို တက္ကသိုလ်အဆင့်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။ ၂၇–၁–၂၀၀၇ ရက်နေ့တွင် စစ်ကိုင်းတိုင်း မုံရွာမြို့၌ နည်းပညာတက္ကသိုလ်(မုံရွာ)ကျောင်းဆောင်သစ်ကိုလည်းကောင်း၊ ၁၇–၇–၂၀၀၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)ကိုလည်းကောင်း၊ ၅–၈–၂၀၀၇ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ လွိုင်ကော်တက္ကသိုလ်ပင်မဆောင်ကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။

ထို့ကြောင့် ၂၀၀၇ ခုနှစ်အတွင်း အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးနိုင်သကဲ့သို့ ကောလိပ် ၅၂ ကျောင်းကို တက္ကသိုလ်အဆင့်သို့ မြှင့်တင်နိုင်ခဲ့ပြီး တက္ကသိုလ် တစ်ခု၊ ကျောင်းဆောင်သစ် တစ်ခုနှင့် ပင်မဆောင် တစ်ခုတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်နေသည်။ ဒီမိုကရေစီနိုင်ငံတော်သစ် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာပြီး စည်းလုံးညီညွတ်မှုရှိရန် လိုအပ်သည်။ တရားဥပဒေစိုးမိုးမှု၊ အမျိုးသား ဓနအင်အားခိုင်မာမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စည်ပင်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေရမည်ဖြစ်သည်။ ထို့အတူ ပြည်သူများ၏ အတွေးအခေါ်၊ အယူအဆ၊ အသိအမြင်၊ ဗဟုသုတများလည်း ပြည့်စုံကြွယ်ဝနေရမည်ဖြစ်သည်။

ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်က အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားကို ခိုင်ခိုင်မာမာတည်ဆောက်ပေးလျက်ရှိသည်။ အခြေခံအကျဆုံး ပညာရေးအဆောက်အအုံဖြစ်သည့် အခြေခံပညာကဏ္ဍမှစတင်၍ နိုင်ငံတကာတိုးတက်မှု ဖြစ်စဉ်များနှင့်အညီ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနေသည်။ လူငယ်များ၏ ပညာအရည်အသွေးနှင့် စိတ်ဓာတ်စွမ်းအား ထူးချွန်ထက်မြက်လာစေရန် ဘက်စုံကဏ္ဍစုံမှ လေ့ကျင့်သင်ကြားပျိုးထောင်ပေးနေသည်ကို တွေ့မြင်နေရသည်။

ယနေ့ကာလတွင် နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းများကို တစိုက်မတ်မတ် ဖော်ဆောင်ကြိုးပမ်းလျက်ရှိရာ အခြေခံကျောင်းသစ်များ၊ မူလတန်းလွန်ကျောင်းများကို တိုးချဲ့တည်ဆောက်ပေးနိုင်မှုကြောင့် အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်ရှိလာပြီဖြစ်သည်။ အခြေခံပညာကျောင်းသားဦးရေ ခုနစ်သန်းကျော် စာပေသင်ကြားနိုင်ကြပြီဖြစ်သည်။ ထိုနည်းတူ တက္ကသိုလ်ကောလိပ်ပေါင်း ၁၆၁ ခု ဖွင့်လှစ်ထားရာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ခုနစ်သိန်းကျော် အဆင့်မြင့်ပညာရပ်များ သင်ကြားလျက်ရှိသည်။

ပညာဖြင့် အရာရာကို ကျော်လွှားအောင်မြင်နိုင်ပြီး ကြီးပွားတိုးတက်စေနိုင်သည်ဖြစ်ရာ လူတိုင်းက အသိပညာနှင့်အတတ်ပညာများကို ရှာဖွေဆည်းပူး စူးစမ်းလေ့လာ မှတ်သားနာယူနေကြသည်။ လူ့လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေအသိပညာကိုသင်ယူပြီး အတတ်ပညာအသီးသီးဖြင့် ကြိုးပမ်းအားထုတ်နေကြသည်။

မြန်မာနိုင်ငံတွင် **လူတိုင်းအတွက် ပညာရေး** ရည်မှန်းချက်နှင့်အညီ အချိန်အခါ၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်စေရန် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးနည်းလမ်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသအစွန်အဖျားဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းလာစေရန် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီ ကောလိပ်များ တိုးချဲ့ဖြန့်ကြက်ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသအလိုက် အဆင့်မြင့်ပညာရပ်များကို အိုးမကွာ၊ အိမ်မကွာ လေ့လာသင်ကြားနိုင်ကြပြီဖြစ်သည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းအသီးသီး၌ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ဒေသတိုင်း၌ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခြင်းသည် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး မြှင့်တင်ပေးနေသည့် ပညာရေးကဏ္ဍ၏ ကြိုးပမ်းမှုရလဒ်များပင်ဖြစ်သည်။ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်၏ မွန်မြတ်သော စေတနာကို သိမြင်နိုင်ပေသည်။

အလားတူ **တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၁၈၁၆ ကျောင်း ဖွင့်လှစ်ပေးထားသဖြင့် ကျေးရွာငါးရွာတွင် ကျောင်းသုံးကျောင်းနှုန်းရှိနေပြီဖြစ်ရာ ကျေးလက်ဒေသမှ ကျောင်းသား၊ ကျောင်းသူများ အခြေခံပညာကို အလွယ်တကူ သင်ယူနိုင်ကြပြီဖြစ်သည်။ တစ်နည်းအားဖြင့် တစ်မိုင်ခွဲ အကွာအဝေးတိုင်း၌ စာသင်ကျောင်း တစ်ကျောင်းနှုန်း ရှိနေသဖြင့် ယခင်ကာလက စာသင်ကျောင်းများ နည်းပါးခဲ့သောကြောင့် လှေတစ်တန်၊ လှည်းတစ်တန်သွားရောက်၍ ပညာသင်ကြားရသော အခက်အခဲများမှ ကင်းဝေးကြရပြီဖြစ်သည်။ မိမိရပ်ရွာ၊ မိမိတို့ကျောင်း၌ စိတ်အေးချမ်းမြေ့စွာ စာပေသင်ကြားနိုင်ကြပြီဖြစ်သည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့

ခံ့ညားထည်ဝါ

အခြေခံပညာသာမက အဆင့်မြင့်ပညာကဏ္ဍတွင်ပါ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် လွိုင်ကော်မြို့ လွိုင်ကော် တက္ကသိုလ်ပင်မဆောင်ကို ဤသို့ ခံ့ညားထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် စုစုပေါင်း ၃၂ ခုသာ ရှိခဲ့၊ ယခုအခါ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ် ၁၆၁ ခု ရှိလာသဖြင့် အဆင့်မြင့်ပညာ သင်ယူနိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၁၂၉ ခု တိုးတက်လာခဲ့။

နိုင်ငံတော်က နယ်စပ်အစွန်အဖျားဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း၌ ပညာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းစေရန်အတွက် နည်းပညာတက္ကသိုလ်(လားရှိုး) သုံးထပ်ကျောင်းဆောင်သစ်ကို ဤသို့ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

လူတိုင်းပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက် မြို့ပြတွင်သာမက ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေးနေသည်။ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများကို တိုးချဲ့မွေးထုတ်ပေးလျက် ရှိသည်။ စေတနာရှင်ပြည်သူများ၊ အလှူရှင်များကလည်း လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ကူညီပံ့ပိုးအားပေးလျက် ရှိကြသည်။

ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ စေတနာ့ညကျောင်းများဖွင့်လှစ်ပြီး စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများသို့ ငွေနှင့်ပစ္စည်းများ ထောက်ပံ့ရေး၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ရေးလုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်ကူညီနေကြသည်။

အလားတူ မိမိဒေသအတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများသို့ စာရေးခုံ၊ စာသင်ခုံနှင့် ထိုင်ခုံအတွဲများ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံစရိတ်များ လှူဒါန်းခြင်း၊ ပညာသင်ထောက်ပံ့ကြေးနှင့် အားကစားပစ္စည်းများ လှူဒါန်းခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည်။

၂၀၀၆ ခုနှစ်အတွင်း ကယားပြည်နယ် ဒီမောဆို အခြေခံပညာမူလတန်းကျောင်းဆောင်သစ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်ကောင်းစံပြကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲများနှင့် ကချင်ပြည်နယ်အတွင်း စာကြည့်တိုက် ၁၅၅ ခု ဖွင့်လှစ်ပြီးစီး၍ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းခြင်း၊ မန္တလေးတိုင်းအတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း ၁၀၃ကျောင်းသို့ စာသင်ခုံ ၁၀၇၀ လှူဒါန်းခြင်း၊ ပခုက္ကူမြို့နယ် ကံလှကျေးရွာ မူလတန်းလွန်ကျောင်းများအတွက် စာရေးခုံနှင့် ကွန်ပျူတာပရင်တာ လှူဒါန်းခြင်း၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဝါးရုံဆိပ်ရပ်ကွက်၊ ဘလုတ်ညွန့်ရပ်ကွက်ရှိ မူလတန်းကျောင်းများသို့ စာသင်ခုံ၊ စာရေးကိရိယာနှင့်အဝတ်အထည်များ လှူဒါန်းခြင်း၊ ဒီပဲယင်းမြို့နယ် မူလတန်းနှင့် အထက်တန်းကျောင်းများသို့ စာသင်ခုံ ၃၇၀ ကျော်နှင့် အားကစားပစ္စည်းများ လှူဒါန်းခြင်းတို့သည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ၏ တစ်စိတ်တစ်ဒေသကို ဖော်ပြခြင်း ဖြစ်ပါသည်။

အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများသို့ စာသင်ခုံ ၁၇၀ နှင့် ကျောင်းသုံးစာအုပ်များ၊ နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများမှ စာသင်ကျောင်းများသို့ စာသင်ခုံ၊ စာရေးကိရိယာနှင့် ပညာရေးအထောက်အကူ ပစ္စည်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူလတန်းကျောင်းများသို့ စာသင်ခုံ ၃၅၉ လုံး၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ မူလတန်းကျောင်းများသို့ စာသင်ခုံ ၁၉၀၊ ကျောက်ဆည်မြို့နယ်ရှိ ကျောင်းများအတွက် စာသင်ခုံများ၊ မွန်ပြည်နယ်အတွင်းရှိ ကျောင်းများသို့ စာသင်ခုံ ၄၅၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကျောင်းများသို့ စာသင်ခုံအစုံ ၃၃၀၂ စုံနှင့် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများသို့ စာသင်ခုံ ၁၄၅၉ လုံး လှူဒါန်းရေး လုပ်ငန်းများတွင်လည်း အသင်းဝင်များက ဦးဆောင်ပါဝင်ခဲ့ကြသည်။

ကျောင်းပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေဖြစ်ရေးအတွက် ဝိုင်းဝန်းကူညီကြသည်။ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်နှင့် အချို့စီးပွားရေးချို့တဲ့သူများအတွက် ကျောင်းနေစရိတ်ပါ ဖြည့်ဆည်းလှူဒါန်းခဲ့ကြသည်။ ယင်းသို့ ကြိုးပမ်းရခြင်း၏ ရလဒ်အဖြစ် ၂၀၀၇ ခုနှစ်တွင် မူလတန်းအဆင့်ကလေးများ ကျောင်းဝင်နှုန်းမှာ ၉၇ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့သည်။

ထို့အပြင် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် **တစ်ယောက်မကျန် စာတတ်ရန်**ရည်ရွယ်လျက် **ကောက်သင်းကောက်** စာတတ်မြောက်ရေး၊ သက်ကြီး စာတတ်မြောက်ရေးတို့အတွက် **“အ”** သုံးလုံး သင်တန်းများ ပြည်နယ်နှင့် တိုင်းများအလိုက် ဖွင့်လှစ်သင်ကြားနိုင်ခဲ့သဖြင့် ၂၀၀၇ ခုနှစ်တွင် နိုင်ငံအဆင့် စာတတ်မြောက်နှုန်း ၉၄ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရသည်။ စာတတ်မြောက်သူ တိုးပွားလာသဖြင့် အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုး၊ အကြောင်းနှင့် အကျိုးကို ပိုင်းခြားသိမြင် ဆင်ခြင်နိုင်သည့် အသိအမြင်များ ပိုမိုရရှိလာမည် ဖြစ်ပေသည်။

စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်နိုင်ရန်နှင့် အသိပညာ ဆက်လက်ဆည်းပူးနိုင်ရန် လိုအပ်သည်။ စာအုပ်စာပေ ပြည့်စုံစွာ ထားရှိပေးရမည်ဖြစ်သည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရပ်ရွာပညာပဒေသာဌာနများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက် ဖွင့်လှစ်ပေးနိုင်သဖြင့် ကျေးလက်ဒေသနေပြည်သူများအနေဖြင့် စာပေဗဟုသုတများ လက်လှမ်းတမီ လေ့လာနိုင်ကြပြီဖြစ်သည်။

မြန်မာ့ပညာရေးစနစ်သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပင်မအရင်းအမြစ်ဖြစ်သည်။ ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည် မြင့်မားသည့် အရင်းအမြစ်သည် အလားအလာကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်က အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် အခြေခံပညာကဏ္ဍမှသည် အဆင့်မြင့်ပညာကဏ္ဍအထိ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။

အခြေခံပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်း ရှိရာမှ ယနေ့အချိန်တွင် အခြေခံပညာကျောင်း ၄၁၈၁၆ ကျောင်းအထိ ရှိလာသဖြင့် အခြေခံပညာကျောင်း ၈၀၆၉ ကျောင်း တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ၁၉၈၈ ခုနှစ်က အခြေခံပညာဆရာအင်အား ၁၇၃၇၇၂ ဦးသာ ရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်မှ ယနေ့အချိန်အထိ အခြေခံပညာ ဆရာအင်အား ၂၅၅၀၁၅ ဦးအထိ ရှိလာသဖြင့် အခြေခံပညာ ဆရာအင်အား ၈၁၂၄၃ ဦး တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်းသားအင်အား ၅၂၃၉၈၇၈ဦး ရှိရာမှ ယခုအခါ အခြေခံပညာကျောင်းသားအင်အား ၇၈၃၀၁၃၆ဦး ရှိလာခဲ့သည်။

နိုင်ငံတော်အတွက် လိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာတွင် ဒေသအလိုက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိရာ ပြည်နယ်နှင့်တိုင်းအားလုံးတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အဆင့်မြှင့်ခြင်း၊ အသစ်ဖွင့်ခြင်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည်။

၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် စုစုပေါင်း ၃၂ ခုသာ ရှိခဲ့သော်လည်း ယခုအခါ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ် ၁၆၁ ခု ရှိလာသဖြင့် အဆင့်မြင့်ပညာ သင်ယူနိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၁၂၉ ခု တိုးတက်လာခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်တွင် ဆရာ၊ ဆရာမ စုစုပေါင်း ၅၆၃၈ဦးသာ ရှိရာမှ ယခုအခါ ၁၁၈၇၃ဦး ရှိလာသဖြင့် ဆရာ၊ ဆရာမ ၆၂၃၅ဦး တိုးတက်ခန့်ထားနိုင်ခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ပညာသင်ကြားနေသော ကျောင်းသားစုစုပေါင်းသည် ၁၉၈၈ ခုနှစ်က ၁၃၄၃၂၅ ဦးသာ ရှိရာမှ ယခုအခါ ၅၉၆၆၉၆ ဦးရှိလာသဖြင့် ကျောင်းသား ဦးရေ ၄၆၂၃၇၁ဦး တိုးတက်လာသည်ကို တွေ့မြင်နေရပြီ ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က အမျိုးသားပညာရည် မြင့်မားရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်နေသည်။ မျိုးဆက်သစ် လူငယ်ထုတစ်ရပ်လုံးက နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေကြသည်။ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူတို့နှင့် အတူ လက်တွဲပါဝင် လုပ်ကိုင်နေကြသည်။ နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှု၊ လက်တွေ့ကျသည့်နည်းလမ်း၊ စေတနာပါသည့် အကောင်အထည်ဖော်မှုများကြောင့် လုပ်ငန်းတိုင်းတွင် အောင်မြင်တိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ဤအစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်း၊ အလေ့အကျင့်ကောင်းများနှင့်အတူ မျိုးဆက်သစ် လူငယ်များ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်မည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

ဖူဆယ်ဘောလုံးပြိုင်ပွဲ ယင်းမာပင်၌ ကျင်းပ

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြည်သူ့အားကစားကွင်း၌ရပ်ကွက်၊ ကျေးရွာအလိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က ကွင်းဖွင့်အမှာစကား ပြောကြားပြီးနောက် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပေးသည်။

ပြောကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားသည်။

ယှဉ်ပြိုင်

ဆက်လက်ပြီး ဖိုလ်ဝင်တောင်ကျေးရွာနှင့် ရှမ်းရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖိုလ်ဝင်တောင်ကျေးရွာ အသင်းက ၁၀ ဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရရှိသွားသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်းပွဲ အခမ်းအနားများ ကျင်းပ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အခြေခံစက်ချုပ် သင်တန်း အမှတ်စဉ် (၁၁)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၆)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၉)၊ ကနုကမာကျောက်စီ သင်တန်းအမှတ်စဉ်(၉)၊ အခြေခံရက်ကန်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ရာ သင်တန်းဆင်း အောင်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တီးတိန် စည်ပင်အမှုဆောင်အရာရှိ အလေးချိန်ခွင် မှန်ကန်ရေး စစ်ဆေး

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့ ဦးဆောင်ကြီးကြပ်၍ စက်တင်ဘာ ၂၀ ရက်က မြို့မ သား၊ ငါးအရောင်းဆိုင်များတွင် စည်းကမ်းနှင့်အညီ ရောင်းချခြင်းရှိမရှိ၊ သန့်ရှင်းသပ်ရပ်မှုရှိမရှိ၊ အလေးချိန်ခွင်မှန်ကန်မှုရှိမရှိ တို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးပညာ ရက်တိုသင်တန်း အရာတော်၌ဖွင့်

မုံရွာခရိုင် အရာတော်မြို့နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေး ပညာ (ဆင့်ပွား)ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

သရက်မြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သရက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၉ ရက် ညနေ ၄ နာရီက သရက်မြို့နယ် အားကစားကွင်းတွင် ကျင်းပရာ ဘိ/စက်(ထုံးတောင်)အသင်းနှင့် ရုံးရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိ/စက်(ထုံးတောင်)အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယဆုနှင့် ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်သည်။ (၁၄၅)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ ပြန်ရောက်

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ သည် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာကင်ယုံအီး၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယမန်နေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစံလွင်နှင့် ဝန်ကြီးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့ ပြန်လည် လိုက်ပါလာကြသည်။

ကြိုဆို

ဒုတိယ ဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ၁၃ရက် ဒေသစံတော်ချိန် ညနေ၆နာရီခွဲတွင် ပြုံယမ်းမြို့တော်သို့ရောက်ရှိရာကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာကင်ယုံအီးနှင့် တာဝန်ရှိသူများက ပြုံယမ်းမြို့လေဆိပ်၌ ကြိုဆိုကြသည်။

ဆွေးနွေး

ဒုတိယဝန်ကြီး ဦးကျော်သူသည် စက်တင်ဘာ ၁၄ရက်တွင် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာကင်ယုံအီးနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနတို့ အကြား ပထမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေး ကိုပြုလုပ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

လက်မှတ်ရေးထိုး

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

ဂါရဝပြု

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးကျော်သူသည် စက်တင်ဘာ ၁၇ရက်တွင် MansudaeAssemblyHallသို့ သွားရောက်၍ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ မစ္စတာကင်ယုံနန်းအားလည်းကောင်း၊ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပတ်ယွီချွမ်းအားလည်းကောင်း ဂါရဝပြုတွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနန်းအား တွေ့ဆုံနှုတ်ဆက်စဉ်။

(နိုင်ငံခြားရေး)

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ကြီးမှူး

ကျိုက်မရော၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် ငါးမျိုးစိုက်ထည့်ပေး

ရန်ကုန် စက်တင်ဘာ ၂၁

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူးကျင်းပသည့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကျိုက်မရောမြို့နယ် လက်ပံကျေးရွာရှိ အထွက်တိုးစံပြစိုက်ကွက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားသည်။

ရည်ရွယ်ချက်ရှင်းလင်း

ဆက်လက်၍ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးမြင့်က စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်ပုံများကို ရှင်းလင်း ပြောကြားသည်။

ငါးမျိုးဖြန့်ဝေ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက တောင်သူများအား စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးနိုင်ရန်အတွက် ငါးသားပေါက်များကို ဖြန့်ဝေပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင် သူများသည် စပါးခင်းများအတွင်း ငါးမျိုးများကို စိုက်ထည့်ပေးကြပြီး**(အပေါ်ပုံ)** တိုင်းမှူးနှင့်ဇနီးတို့သည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနက တီလားပီးယား၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမ သားပေါက်ကောင်ရေ ၄၀၀၀၀ ဖြန့်ဝေပေးကာ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်

မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများ ကျန်းမာရေးနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက် အမျိုးသားကြက်ခြေနီ အသင်းများ၏ ကျန်းမာရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Dusit Inya Lake Resort ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မြန်မာအဖွဲ့ရုံးမှ Ms. Bridget Gardner က ကျန်းမာရေးနှီးနှောဖလှယ်ပွဲ ပိုမိုထိရောက်အောင်မြင်ရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် ရင်းနှီး ပွင့်လင်းစွာ တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ပူးပေါင်းညှိနှိုင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ယူနစ်မှ ဒေါက်တာ ထွန်းအောင်ရွှေက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၀၇-၂၀၁၀ခုနှစ် မဟာဗျူဟာစီမံချက် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကျန်းမာရေးဌာနဌာနမှူး ဒေါက်တာစောနီထွန်းက စီမံချက် အစီအစဉ် အတွေ့အကြုံများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကျန်းမာရေးဌာနခွဲက ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် HIV, AIDSနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေကောင်းရေသန့် ရရှိအသုံးပြုနိုင်ရေး၊ မျိုးဆက်ပွား ကျန်းမာရေး၊ တီဘီရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် ပြုစုစောင့်ရှောက်မှု လုပ်ငန်းတို့ကို ပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ကြက်ခြေနီအသင်း ခွဲများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

မြန်မာရုပ်ရှင် ဇာတ်ကားသစ် ရုံမဝင် ကိုးဆယ်ဆသာလိမ့်မယ် ဆက်လက်အောင်ပွဲခံ

ရန်ကုန် စက်တင်ဘာ ၂၁

ဝတ္ထု၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ မောင်ယဉ်အောင်၏ **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကား ရှေ့ဆောင် အဆင့်မြင့် ရုပ်ရှင်ရုံတွင် ဆက်လက် အောင်ပွဲခံ ပြသလျက် ရှိသည်။ မင်းသား ဂျက်ကီချန်းပါဝင် သရုပ်ဆောင်ထားသော Rush hour-3 ဇာတ်ကား သမ္မတအဆင့် မြင့်ရုံတွင် ပြသနေပြီး သွင်ရုံတွင် 300 ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ မင်္ဂလာ အဆင့်မြင့်ရုံတွင် A Battle of wits ဇာတ်ကား ပြသနေသည်။

ပါဝင်

နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Michael Bay ရိုက်ကူးပြီး Shia Le Beouf, Megan Fox တို့ပါဝင်သရုပ်ဆောင်ထားသော Transformersဇာတ် ကား ရုံဝင်လာသည်။ စကြဝဠာအတွင်း ရှိ Cybertron ဂြိုဟ်ပေါ်တွင် စိတ်ထား ဖြောင့်မတ်သော Autobots စက်ရုပ်များနှင့် စိတ်ထားယုတ်ညံ့သော Decepticon စက်ရုပ်တို့ ဂမ္ဘီရ အဆောင်ပစ္စည်း တစ်ခုကို အပိုင်စီးရန် ကြိုးစားရင်း စစ်မက်ဖြစ်ပွားပုံကို တီထွင်ရိုက် ကူးထားသော သိပ္ပံကား တစ်ကားဖြစ်သည်။ မြို့မရုပ်ရှင်ရုံတွင် Ashay Kumar, Mahima choudaryတို့ ပါဝင်သရုပ်ဆောင်ထားသော Khiladi-420 ဇာတ်ကားရုံဝင်လာသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် စတားလုံး ပါဝင် သရုပ်ဆောင်ထားသော Tango & Cash ဇာတ်ကားပြသနေပြီး ရွှေဂုံရုံ မြေညီထပ်တွင် Iron Eagle ဇာတ်ကားပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ရုပ်ရှင် သတင်းထောက်

ကိုးဆယ်ဆသာလိမ့်မယ် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မုံရွာမြို့ သူနာပြုသင်တန်းကျောင်း
ဘက်စုံသားဖွားသင်တန်းသူများ ဦးဆောင်ပေးအပ်
တိုင်းမှူးမိုလ်ချုပ်သာအေး အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၁

မုံရွာမြို့ သူနာပြုသင်တန်းကျောင်း (၇၅)ကြိမ်မြောက် ဘက်စုံသားဖွား ၁၈လသင်တန်းသူများ၏ ဦးဆောင်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက မုံရွာမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြု ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးဇနီး ဒေါ်ဝေဝေခိုင်တို့က ဘက်စုံသားဖွားသင်တန်းသူများအား ဦးဆောင်းများ ပေးအပ်သည်။

ဦးဆောင်းပေးအပ်

ထို့နောက် သူနာပြုကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းလှဲ့နှင့်တာဝန်ရှိသူများက ဘက်စုံသားဖွားသူနာပြုသင်တန်းသူများအား ဦးဆောင်းများ ပေးအပ်ကြပြီး သူနာပြုသင်တန်းကျောင်းအတွက် အလှူရှင်ဦးသောင်းက အလှူငွေကျပ် နှစ်သောင်းပေးအပ်ရာ သူနာပြုကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

ဆုချီးမြှင့်ပေး

ဆက်လက်ပြီး တိုင်းမှူးဗိုလ်ချုပ်သာအေး၏ဇနီး ဒေါ်ဝေဝေခိုင်က ဘက်စုံ သားဖွားသင်တန်းတွင် ပထမဆုရရှိသော ဒေါ်သန်းသန်းနု၊ ဒုတိယဆုရရှိသော မမန်ကျဲကြီး၊ တတိယဆုရရှိသော မဇင်လင်းအေးတို့အားလည်းကောင်း ဆုများချီးမြှင့်ပေးကြသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းလှဲ့က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့်မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက် မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာများ ရှင်သန်ထွန်းကား ပြန့်ပွားရန်။

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့်
ဆေးဝါးပစ္စည်း လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)ရှိ ရွှေသံလွင် ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငွေပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ**(အပေါ်ပုံ)**ရွှေသံလွင်ဘိုးဘွားရိပ်သာမှ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)နှင့် အဘိုး၊ အဘွားတို့က လက်ခံကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်သွယ်လှူဒါန်း

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း- ၆၆၂၅၉၀၊ ၆၆၂၅၉၁၊ ၆၆၂၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီစည်းဝေး
ညီလာခံနှင့် တစ်ဆက်တည်း သုတေသနစာတမ်းဖတ်ပွဲပါ ကျင်းပသွားမည်
အရည်အသွေးကောင်းမွန်သည့် သုတေသနစာတမ်းများရရှိရေး ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၂၁

အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် ကျန်းမာရေး ဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

အစည်းအဝေးသို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့တိုင်းရင်း ဆေးသမားတော်များ ညီလာခံများကို ၂၀၀၀ ပြည့်နှစ်မှ စတင်ပြီးကျင်းပခဲ့သည်မှာ (၈)ကြိမ်တိုင်ပြီ ဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရခြင်း အကျိုးရလဒ်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ စည်းလုံးညီညွတ်မှုရရှိခြင်း၊ မြန်မာ့တိုင်းရင်း

ဆေးဝါးများ၏ အရည်အသွေးရောအရေအတွက်ပါ တိုးတက်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယခုနှစ်ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး တိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ဂုဏ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူအများ ယုံကြည်အားထားမှု ပိုမိုရရှိရေး ရည်ရွယ်ချက်တို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကျင်းပမည့် အဋ္ဌမအကြိမ် ညီလာခံ၏ ထူးခြားချက် တစ်ရပ်မှာ ညီလာခံနှင့် တစ်ဆက်တည်း သုတေသန စာတမ်းဖတ်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အရည်အသွေး ကောင်းမွန်သည့် သုတေသနစာတမ်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း။

ထို့အပြင် နှစ်စဉ်ဆောင်ရွက်သည့် ပြခန်းပြသရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ တည်းခိုရေးစသည့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က ယခုနှစ်မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားကြောင်း၊ ညီလာခံသို့ ကိုယ်စားလှယ် ၃၁၅ ဦး တက်ရောက်မည် ဖြစ်ကြောင်း၊ ညီလာခံအဆင်ပြေစွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး သဘာပတိ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

အလယ်ပိုင်းတိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်ချုပ်ခင်ဇော်ကြည့်ရှုအားပေး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံးအသင်း တံခွန်စိုက်ဒိုင်းဆွတ်ခူး

နေပြည်တော် စက်တင်ဘာ ၂၁

၂၀၀၇ခုနှစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ နှင့်ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ရက် ညနေ ၄နာရီက မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်း၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့ တပ်မှူးများနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ အိမ်ထောင်စုဝင်မိသားစုများ၊ တပ်နယ်အသီးသီးမှပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူအရာရှိနှင့် နည်းပြများ၊ အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ၊ ဖိတ်ကြားထားသူများစုစုပေါင်းအင်အား ၂၅၀၀ခန့် တက်ရောက်ကြသည်။

ယှဉ်ပြိုင်

ရှေးဦးစွာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံးအသင်းက အကျႌအဖြူရောင်၊ ဘောင်းဘီအဖြူရောင်နှင့် ခြေအိတ်အပြာရောင်တို့ကို ဝတ်ဆင်ပြီး မြောက်ဘက်ဂိုးစည်းတွင်လည်းကောင်း၊ ပင်မစစ်လက်နက်ပစ္စည်းတပ်(နတ်မောက်)အသင်းက အကျႌအပြာရောင်၊ ဘောင်းဘီအနက်ရောင်၊ ခြေအိတ်အဝါရောင်တို့ကို ဝတ်ဆင်ပြီး တောင်ဘက်ဂိုးစည်းတွင်လည်းကောင်း အသီးသီးနေရာယူကြပြီး ယှဉ်ပြိုင်ကစားကြသည်။

ပထမပိုင်းပွဲစပြီး ၇ မိနစ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းရုံးအသင်းအတွက် ဗွေဆော်ဦးဂိုးကိုလည်းကောင်း၊ ဒုတိယဂိုးကို ၁၄ မိနစ်တွင် လည်းကောင်း ကျောနံပါတ် ၁၁ ခင်မောင်လွင်က သွင်းယူပေးသည်။ ထို့နောက်ပင်မစစ်လက်နက်ပစ္စည်းတပ်(နတ်မောက်)အသင်းအတွက် ချေပဂိုးကို ၄၄မိနစ်တွင် ကျောနံပါတ် ၁၅ ကျော်လင်းဦးက သွင်းယူသည်။

ဗိုလ်စွဲ

ဆက်လက်၍ ဒုတိယပိုင်း ဆက်လက် ယှဉ်ပြိုင်ရာ ပွဲစပြီး ၈မိနစ်တွင် ကျောနံပါတ်(၁၁)ခင်မောင်လွင်နှင့် မိနစ် ၄၀ တွင် ကျောနံပါတ်(၁၆)ဝေလွင်အောင်တို့က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံးအသင်းအတွက် ထပ်မံ သွင်းယူပေးခဲ့ရာ ပွဲအပြီးတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံးအသင်းက လေးဂိုး–တစ်ဂိုးဖြင့်အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရရှိသောအသင်းမှ အားကစားသမားများ ကွင်းအတွင်း နေရာယူကြသည်။

ချီးမြှင့်

ဆက်လက်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဘက်ရေးရာလုံခြုံရေးဌာနမှ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က တတိယရရှိသော ပင်မစစ်လက်နက်ပစ္စည်းတပ်(မန္တလေး)အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်ငါးသောင်းကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ဒုတိယရရှိသော ပင်မစစ်လက်နက်ပစ္စည်းတပ်(နတ်မောက်)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်ရှစ်သောင်းကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ယာယီ တိုင်းဦးစီး (ဗိုလ်မှူးကြီး)ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက ပထမရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် စခန်းရုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ် တစ်သိန်းကို ချီးမြှင့်ပေးအပ်သည်။

အကောင်းဆုံးဆု

ထို့နောက် ပင်မ စစ်လက်နက်ပစ္စည်းတပ်(မန္တလေး)တပ်မှူးဗိုလ်မှူးချုပ်လှဝင်းက နေရာအလိုက် အကောင်းဆုံးဆုများ ချီးမြှင့်ပေးအပ်ရာ အကောင်းဆုံးရှေ့တန်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းရုံးအသင်းမှ ကျောနံပါတ်(၁၁) တပ်ကြပ်ကြီးခင်မောင်လွင်ကို လည်းကောင်း၊ အကောင်းဆုံးအလယ်တန်းဆု ရရှိသော ပင်မ စစ်လက်နက်ပစ္စည်းတပ် (နတ်မောက်) အသင်းမှ ကျောနံပါတ်(၆) တပ်ကြပ်ကြီး အောင်စိုးမိုးကို လည်းကောင်း၊ အကောင်းဆုံး နောက်တန်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းရုံးအသင်းမှ ကျောနံပါတ်(၄) တပ်ကြပ်ကြီး မိုးကျော်စိုးကို လည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသော ပင်မစစ်လက်နက်ပစ္စည်းတပ်(နတ်မောက်) အသင်းမှ ကျောနံပါတ်(၂၁) တပ်ကြပ်နေမျိုးလှိုင်ကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်စခန်းရုံးအသင်းမှ ကျောနံပါတ်(၁၁) တပ်ကြပ်ကြီး ခင်မောင်လွင်ကိုလည်းကောင်း ဆုတံဆိပ်များ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အားပေး

ဆက်လက်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပထမဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ချီးမြှင့်ပေးအပ်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အသင်းခေါင်းဆောင်တို့က လက်ခံရယူကြသည်။

ရင်းရင်းနှီးနှီး

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ဆုရရှိသော အားကစားသမားများကို ကွင်းအတွင်းတွင် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

ယနေ့ ကျင်းပသော ၂၀၀၇ ခုနှစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် တိုင်းစစ်ဌာနချုပ် လက်အောက်ရှိ တပ်နယ်အသီးသီး၏ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို အုပ်စုလေးစုခွဲကာ ဩဂုတ် ၆ရက်မှ စတင်ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီးနှံဆိုင်ရာ သတင်းအချက်အလက်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၁

သီးနှံဆိုင်ရာ သတင်းအချက်အလက်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းအမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉နာရီတွင် ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန(လှည်းကူး)၌ကျင်းပရာ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ယင်းသင်တန်းအား မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးအောက်ရှိ ပြည်နယ်၊ တိုင်းအသီးသီးမှ ဝန်ထမ်း ၄၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ကြာမြင့်ခဲ့သည်။

ပို့ချသင်ကြား

သင်တန်းတွင် သီးနှံအလိုက် သတင်းအချက်အလက်များ၊ ထွက်ရှိသော သီးနှံများ ဘေးအန္တရာယ်ကင်းရေးအတွက် သိသင့်သိထိုက်သော ပိုးသတ်ဆေးကြွင်းကျန်ရှိမှု၊ မှိုဆိပ်ကျရောက်မှုများ၊ ရိတ်သိမ်းခူးဆွတ်ပြီးနောက် အရည်အသွေးမကျဆင်းစေရန် လိုအပ်သော ကိုင်တွယ်ထိန်းသိမ်းမှုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ သီးနှံအလိုက်ဈေးကွက်အလားအလာများ၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ရေးတို့အပြင် သီးနှံများ စိုက်ပျိုးရောင်းဝယ်မှုနှင့်ပတ်သက်၍ မြန်မာ့စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ပဲ၊ နှမ်းကုန်သည်များအသင်း၊ ဆန်စပါးကုန်သည်များအသင်း စသည်တို့မှ လုပ်ငန်း အတွေ့အကြုံ ရှိသူများက သင်တန်းတွင် လာရောက်ပို့ချသင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း **အင်တာနက် ကျန်းမာရေး**

လေထုညစ်ညမ်းမှုကြောင့် သွေးကြောပိတ်နိုင်

ချီကာဂို စက်တင်ဘာ ၂၁

ဆံပင်ချည်ထက် ဆယ်ပုံ တစ်ပုံ သေးငယ်သည့် လေထုအတွင်းမှ အမှုန် ကလေးများက သွေးကြောပိတ်အောင် ဖန်တီးနိုင်ကြောင်း အမေရိကန်သုတေသီများက ကြာသပတေးနေ့တွင် ပြောကြားသည်။

တွေ့ရှိ

လေထုညစ်ညမ်းမှုကြောင့် အဆုတ်ရောဂါနှင့် လေဖြတ်ရောဂါများ မည်သို့ဖြစ်ပေါ်စေနိုင်သည်ဆိုခြင်းကို စူးစမ်းရာတွင် သုတေသီများက အထက်ပါအတိုင်း တွေ့ရှိခြင်းဖြစ်သည်။

အလားအလာ

ထရပ်ကားများ၊ ဘတ်စ်ကားများနှင့် ကျောက်မီးသွေးသုံးစက်ရုံများမှမှုတ်ထုတ်သော လေထုညစ်ညမ်းမှုကြောင့် ပြည်သူများမှာ အသက်အန္တရာယ်ရှိသော နှလုံးရောဂါ၊ လေဖြတ်ရောဂါများဖြစ်ရန် ပိုမိုအလားအလာများသည်ဟု ချီကာဂိုမြို့ရှိ နော့သ်ဝက်စတင်းတက္ကသိုလ်မှ ဒေါက်တာဂိုခန်မတ်လူက ပြောဆိုသည်။

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကင်းမြို့နယ် ဘောက်ထော် မေတ္တာလမ်း သီရိရတနာရိပ်သာ အမှတ်၃/၁ နေ ဦးလှိုင်ထွန်း–ဒေါ်ကြည်မြင့် မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။ (က–ပ)

NLD ပါတီသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိ မိတ္ထီလာမြို့နယ်မှ ပါတီဝင်၁၂ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၁

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကျော်စိန်၊ ဦးသန်းဝင်း၊ ဒေါ်ထားထားအေး၊ ဦးခင်မောင်အေး၊ ဦးသန်းနိုင်အေး၊ ဦးကျော်စိုးနှင့် ကိုတင်မောင်ဦးတို့အပါအဝင် ပါတီဝင် ၁၂ဦးတို့သည် စက်တင်ဘာ၉ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မိတ္ထီလာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုမရှိကြောင်း၊ NLD ပါတီအပေါ် စိတ်ဝင်စားမှု၊ ယုံကြည်မှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား UNHCR ဌာနေကိုယ်စားလှယ်တွေ့ဆုံနှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် UNHCR ဌာနေကိုယ်စားလှယ် Mr. Jean Francois Durieux သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အောက်ပုံ)**

တက်ရောက်

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ ပြည်သူ့အင်အားဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေအောင်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်သို့ ဘဝနတ်ထံ ပျံလွန်တော်မူသော ကမ္ဘာ့သာသနာပြုသက်တော်ရှည် ဆရာကြီး ဘဒ္ဒန္တ သိဂ္ဂဝ ဂုဏ်တော်ကို ရည်မှန်း၍ ပီနန်၊ စင်ကာပူ ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဝံသက စေတီတော် ဓာတ်တော်တိုက် မီးဆိုင်းအသစ်ကြီးအတွက် ငွေကျပ် ၂၅သိန်းကို ဆရာတော်ကြီးကိုယ်စား ဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)နှင့် ဦးဇက်ဝင်းတို့က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးစောကြိုင်က လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

တစ်ခါတုန်းကစစ်တက္ကသိုလ် အတွဲ ၁၊ ၂၊ ၃နှင့်၄ ပေါင်းချုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂၁

စာရေးဆရာ တက္ကသိုလ်မောင်သန့်ဇင်၏ **"တစ်ခါတုန်းကစစ်တက္ကသိုလ်"** မှတ်တမ်းဝတ္ထုရှည်များကို အတွဲ ၁၊ ၂၊ ၃ နှင့် ၄ ဟူ၍ လေးအုပ်ခွဲပြီးထုတ်ဝေခဲ့သည်။ ၎င်းဝတ္ထုတွဲများကို ထပ်မံထုတ်ဝေမှုများ ရှိခဲ့သော်လည်း အတွဲစုံစွာမရရှိခဲ့၍ စာချစ်သူများ၏ တောင်းဆိုမှုများ ရှိခဲ့ခြင်းကြောင့် အတွဲ ၁၊ ၂၊ ၃၊ ၄ ပေါင်းချုပ်ကို မြတ်နိုးအိမ်စာပေ၊ အမှတ်(၁၂၇)၊ ၄၆လမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၉၄၅၉၃က ထုတ်ဝေလိုက်သည်။

ဝယ်ယူရရှိနိုင်

အဆိုပါပေါင်းချုပ်စာအုပ်ကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ရန်မျိုးအောင်စာပေ အမှတ် ၂၁၉(ခ) ဒုတိယထပ် ၃၆လမ်း ကျောက်တံတားမြို့နယ်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းပွဲ မိုးသည်းထန်၍ရပ်နား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲအဖြစ် ယနေ့ ညနေ ၄နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့်ကာကွယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ် မိုးသည်းထန်စွာရွာသွန်းကာ ပွဲကစားရန်မသင့်သည့် အခြေအနေဖြစ်ပေါ်လာသဖြင့် ပွဲချိန် ၁၅မိနစ်အကြာ၌ ကွင်းလယ်ဒိုင်လူကြီးက ပွဲကိုရပ်နားလိုက်သည်။

ယနေ့ပွဲ

စက်တင်ဘာ ၂၂ရက် (ယနေ့) **ညနေ ၄နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ အဆင့်မြင့်တန်း အမှတ်ပေးပွဲစဉ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

မြန်မာ့အလင်း
လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၂၁ - ၉ - ၂၀၀၇

သီတင်းကျွတ်အထူး လူငယ်အခြေခံ ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်ထားရှိသော Han Golf Mastersဂေါက်သီးရိုက် အကယ်ဒမီကျောင်းမှ စီစဉ်သည့် သီတင်းကျွတ်လူငယ်အခြေခံဂေါက်သီးရိုက်စခန်း(Junior Golf Camp)ကို အောက်တိုဘာလတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ရည်ရွယ်ဖွင့်လှစ်

အဆိုပါသင်တန်း၌ အခြေခံနှင့် ကွင်းပတ်အဆင့်ဂေါက်သီးရိုက်နည်းနှင့် ကွင်းလှည့်အဆင့်နည်းစနစ်များကို စနစ်တကျ ရိုက်ကစားတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် အောက်တိုဘာ ၅ ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက် အလက်များကို မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ဖုန်း ၀၁-၆၅၁၇၉၇ နှင့် ၀၉-၉၉-၇၂၄၇၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ပြည်နယ်/ တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားသုံးယောက်တွဲ ဗိုလ်လုပွဲ၊ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးသုံးယောက်တွဲ ဗိုလ်လုပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမရရှိသော ဧရာဝတီတိုင်း(က)အသင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်း(ခ)အသင်းနှင့် တတိယရရှိသော ရန်ကုန်တိုင်း(က)အသင်း၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲ၌ ပထမရရှိသော ဧရာဝတီတိုင်း(ခ)အသင်း၊ ဒုတိယရရှိသော ဧရာဝတီတိုင်း(က) အသင်းနှင့် တတိယရရှိသော မွန်ပြည်နယ် (ခ)အသင်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမရရှိသော ဧရာဝတီတိုင်း (က)အသင်း၊ ဒုတိယရရှိသော ဧရာဝတီတိုင်း(ခ)အသင်းနှင့် တတိယရရှိသော မန္တလေးတိုင်း(က) အသင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ၌ ပထမရရှိသော စစ်ကိုင်းတိုင်း (ခ)အသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်း (ခ)အသင်းနှင့် တတိယရရှိသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပထမရရှိသော ဧရာဝတီတိုင်း(က)အသင်း၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲ၌ ပထမရရှိသော ဧရာဝတီတိုင်း(ခ) အသင်း၊ အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပထမရရှိသော ဧရာဝတီတိုင်း (က)အသင်းနှင့် အမျိုးသား သုံးယောက်တွဲ ပြိုင်ပွဲ၌ ပထမရရှိသော စစ်ကိုင်းတိုင်း (ခ)အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွား ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား ငွေသားဆုများ ချီးမြှင့်ခဲ့ရာ ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းခွဲ၊ တတိယဆုငွေကျပ် ငါးသောင်းဖြစ်ကြောင်း သိရသည်။

ထိုင်းအလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ထိုင်းအလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်ရာ မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမင်းသိန်း(ဒုတိယဥက္ကဋ္ဌ၊မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးစံထွန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်)၊ နည်းပြများအဖြစ် ဦးညွန့်ဝင်း (အား/ကာဦးစီးဌာန)နှင့် ဒေါ်နုနုရီ (မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အမျိုးသား ပြေးခုန်ပစ်အားကစားသမားများအဖြစ် အောင်သီဟ (မီတာ ၁၅၀၀၊ ၅၀၀၀)၊ စိုးမင်းသူ (မီတာ ၁၀၀၀၀)၊ ကျော်လွှမ်းအောင် (မီတာ ၈၀၀)၊ ဝင်းတင့် (တုတ်ထောက်ခုန်) နှင့် စောဆာရှီး (တုတ်ထောက်ခုန်)၊ အမျိုးသမီးအားကစားသမားများအဖြစ် လဲ့လဲ့ဝင်း(မီတာ ၂၀၀၊ ၄၀၀)၊ မြင့်မြင့်အေး(မီတာ ၄၀၀၊ ၈၀၀)၊ နီနီတိုး (မီတာ ၈၀၀၊ ၁၅၀၀)၊ နော်ကပေါဖော (မီတာ ၂၀၀)၊ ပပ (မီတာ ၁၀၀၀၀)၊ ဖြူဝါသက် (မီတာ ၅၀၀၀)၊ နီလာစန်း (မီတာ ၁၀၀၀၀)၊ စောမာလာနွယ် (၁၀ကီလို မီတာလမ်းလျှောက်)နှင့် ကေခိုင်မျိုးထွန်း (၁၀ ကီလိုမီတာ လမ်းလျှောက်)တို့ ပါဝင်ကြသည်။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ယနေ့ကျင်းပမည်

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက် (ယနေ့)**မှ စတင်၍ စက်တင်ဘာ ၂၈ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။**

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သည် ယခုပြိုင်ပွဲမှ ထူးချွန်သည့် အားကစားသမားများကို ရွေးချယ်ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်ရာ အာဆီယံဒေသတွင်းမှ ၁၁ နိုင်ငံ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပွဲတော် မြန်မာယှဉ်ပြိုင်မည်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အောက်တိုဘာ ၂ရက်မှ ၁၁ရက်အထိ ကျင်းပမည့် နွေရာသီ ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပွဲတော်၌ မြန်မာ အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် အဆိုပါပြိုင်ပွဲတွင်ပြေးခုန်ပစ်၊ ဘောလုံးပစ်၊ ဘောလုံးအားကစားနည်းတို့၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၂၅ ဦး ပါဝင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၃၀ မှ အားကစားသမားပေါင်း ၇၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် ယခင်ကျင်းပခဲ့သည့် စင်ကာပူ ကမ္ဘာ့ဉာဏ်ရည်မမီ အားကစားသမားပွဲတော်နှင့် ထိုင်းကမ္ဘာ့ဉာဏ်ရည်မမီ အားကစားပွဲတော်တို့၌ ဘောလုံး အားကစားနည်းဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ်စက်ရုံ

ဘရာဆီးလီးယား စက်တင်ဘာ ၂၁

ဘရာဇီးနိုင်ငံနှင့် ပါရာဂွေးနိုင်ငံနယ်စပ် ဖို့ဒ်ဒူအိုင်ဂွါကူဒေသရှိ ကမ္ဘာ့ အကြီးဆုံး ရေအားလျှပ်စစ်ထုတ်ယူမည့် အိုင်တိုင်ပူ ရေလှောင်တမံ စီမံကိန်းအား ဘရာဇီးနိုင်ငံဘက်မှ မြင်ကွင်းကို စက်တင်ဘာ ၂၀ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

ထုတ်လုပ်နိုင်

ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အား ပမာဏ အများဆုံးထုတ်လုပ်ပေးသည့် အိုင်တိုင်ပူ ရေအားလျှပ်စစ်စက်ရုံကြီးကို ပါရန်မြစ်ပေါ်တွင် ဘရာဇီးနိုင်ငံနှင့် ပါရာဂွေးနိုင်ငံတို့ ပူးပေါင်းတည်ဆောက်ထားသည်။ အဆိုပါ စက်ရုံတွင် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား ၇၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော လျှပ်စစ် ဓာတ်အားထုတ် စက်အလုံး ၂၀ တပ်ဆင်ထားသဖြင့် မဂ္ဂါဝပ်ပေါင်း ၁၄၀၀၀ ထုတ်လုပ်နိုင်ကြောင်း အင်တာနက်သတင်း၌ ဆက်လက်ဖော်ပြသည်။

ပါကစ္စတန်၌ ယာဉ်တိုက်မှုဖြစ် ၁၄ ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၁

ပါကစ္စတန် အနောက်တောင်ပိုင်းတွင် စက်တင်ဘာ ၂၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ၁၄ ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြစ်ပွားခဲ့

ယင်းနိုင်ငံ ဘာလူချီစတန်ပြည်နယ်ရှိ ကီလာဆိုင်ဖူလ်လက်ချ်မြို့ အနီးတွင် လုံခြုံရေးဝန်ထမ်းများ စီးနင်းလာသော ကားနှင့် ခရီးသည်တင် ဗင်ကားတို့ တိုက်မိရာမှ အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ တိုက်ခဲ့မှုကြောင့် ဗင်ကားမှာ မီးလောင်ကျွမ်းသွားပြီး ဗင်ကားပေါ်ပါခရီးသည် ၁၄ ဦး သေဆုံးခဲ့ကြောင်း၊ လုံခြုံရေးဝန်ထမ်းများလည်း ဒဏ်ရာရခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်၌ လူနာများအတွက် နှစ်စဉ် သွေးအိတ် ၄၅၀၀၀၀ လိုအပ်

ဒါကာ စက်တင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း မတော်တဆထိခိုက်မှုများ၊ ခွဲစိတ်လူနာများ၊ သွေးကင်ဆာရောဂါသည်များ၊ သွေးလွန်တုပ်ကွေးရောဂါသည်များနှင့် အခြားဝေဒနာရှင်များစွာ၏ အသက်ကို ကယ်တင်နိုင်သည့် သွေးအိတ် ၄၅၀၀၀၀ နှစ်စဉ် လိုအပ်လျက်ရှိသည်။

ပျမ်းမျှအားဖြင့် တစ်နှစ်အတွင်း လူ ၃၁၁ဦးတွင် တစ်ဦးလျှင် သွေးအိတ် တစ်အိတ်နှုန်း လှူဒါန်းပါက လိုအပ်လျက်ရှိသောသွေးများ စုဆောင်းနိုင်မည်ဖြစ်သည်။

ကျန်းမာရေး ကောင်းမွန်သူ တစ်ဦးအနေဖြင့် တစ်နှစ်လျှင် သွေးသုံးကြိမ် လှူဒါန်းနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာ အကြံပေးဖြစ်သူ ဒေါက်တာ ရာမန်က ပြောကြားသည်။

စမ်းသပ်စစ်ဆေး

အစိုးရအနေဖြင့် လှူဒါန်းသောသွေးများအားလုံးကို အိတ်ချ်အိုင်ဗွီ၊ အသည်းရောင် အသားဝါဘီပိုး၊ အသည်းရောင် အသားဝါစီပိုးစသည့် ကူးစက် ရောဂါများ ပါဝင်မှုမရှိစေအောင် စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းလုံးတွင် ယခုအခါ သွေးလှူဒါန်းနိုင်သည့်စင်တာ ၉၈ ခုရှိနေပြီ ဖြစ်ကြောင်း၊ နောက်ထပ် ယခုနှစ်အတွင်း သွေးလှူဒါန်းနိုင်သည့်စင်တာ ၅၀နှင့် လာမည့် ၂၀၀၈ ခုနှစ်တွင် သွေးလှူဒါန်းနိုင်သည့်စင်တာ ၅၀ ထပ်မံ ဖြည့်စွက်သင့်ကြောင်း ဒေါက်တာရာမန်က ပြောကြားသည်။

ပြန်လည်နုပျို

သွေးလှူဒါန်းသူများ အနေဖြင့် မိမိ၏သွေးဖြင့် အခြားသူတစ်ဦးအား အသက် ကယ်တင်နိုင်သကဲ့သို့ မိမိကိုယ်တိုင်လည်း ပြန်လည်နုပျိုလာမှုကို ရရှိလာမှာဖြစ်ကြောင်း ရာမန်ကထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်မှ ဂျော်ဒန်သို့ ရေနံစိမ်းတင်ပို့မှုစတင်

အမ္မန် စက်တင်ဘာ ၂၁

၂၀၀၃ခုနှစ် အီရတ်စစ်ပွဲဖြစ်ပွားကတည်းက အီရတ်နိုင်ငံသည် ဂျော်ဒန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ရေနံတင်ပို့မှုကို စတင်လိုက်ပြီဖြစ်ကြောင်း ဂျော်ဒန်သတင်းဌာန ပီထရာက စက်တင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

အီရတ်၏ ပထမဆုံးရေနံစိမ်းတင်ပို့သည့် သင်္ဘောသည် ယခုအချိန်တွင် ဂျော်ဒန်ရေပိုင်နက်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ကတိပြုပြောကြား

၂၀၀၆ခုနှစ်ဩဂုတ်လအတွင်းက ဂျော်ဒန်ဝန်ကြီးချုပ် ဘဂ္ဂဒက်သို့ အလည်အပတ်ရောက်ရှိစဉ် ရေးထိုးခဲ့သော နှစ်နိုင်ငံနားလည်မှု စာချွန်လွှာကို လေးစားလိုက်နာပါကြောင်း၊ ယင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဂျော်ဒန်နိုင်ငံ၏ ရေနံလိုအပ်မှုကို ထောက်ပံ့သွားမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် နော်ရီအယ်လ်မာလီကီက ဂျော်ဒန်ဝန်ကြီးချုပ် မာရွတ်ဖ်အယ်လ်ဘာစစ်သို့ တယ်လီဖုန်းဖြင့် ကတိပြု ပြောကြားလိုက်သည်။

သဘောတူလက်မှတ်ရေးထိုး

ယင်းနားလည်မှုစာချွန်လွှာအရ အီရတ်နိုင်ငံမှနေ၍ ဂျော်ဒန်နိုင်ငံ၏ လိုအပ်ချက်ဖြစ်သည့် ရေနံစည်ပေါင်း ၁၀၀၀၀၀၏ ၁၀ရာခိုင်နှုန်းမှရာခိုင်နှုန်း ၃၀ အထိ ပမာဏကို လွန်ခဲ့သည့်နှစ် စက်တင်ဘာမှ စတင်ကာ ဦးစားပေးအဖြစ်ဂျော်ဒန်သို့ တင်ပို့ရန် သဘောတူလက်မှတ်ရေးထိုးထားသည်။

သို့သော်လည်း နည်းပညာနှင့် လုံခြုံရေးအခြေအနေများကြောင့် ရေနံတင်ပို့မှု နှောင့်နှေးခဲ့ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ် တာရန်မြို့၌ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ သတ္တုနှင့်စွမ်းအင်ပြပွဲတွင် လာရောက်ကြည့်ရှုသူများအား စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စည်ကား

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့တွင် ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကားပြပွဲတွင် လာရောက်ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် တိုကို နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၃၅)နှစ်မြောက် အခမ်းအနား ကျင်းပ

ပေကျင်း စက်တင်ဘာ ၂၁

တရုတ်နိုင်ငံနှင့် တိုကိုနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၃၅) နှစ်မြောက် အခမ်းအနားကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

စတင်ထူထောင်

နှစ်နိုင်ငံအနေဖြင့် ၁၉၇၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှစတင်ကာ သံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ်၌ နှစ်နိုင်ငံကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာ သန်း ၅၇၀ အထိ ရောက်ရှိလာခဲ့သည်။

တိုးတက်ချောမွေ့

ပြီးခဲ့သည့် နှစ်များအတွင်း နိုင်ငံတကာ အခြေအနေများ ပြောင်းလဲမှုရှိနေသည့် ကြားမှပင် တရုတ်နိုင်ငံနှင့် တိုကိုနိုင်ငံတို့၏ ဆက်ဆံရေးမှာ တိုးတက်ချောမွေ့လျက်ရှိကြောင်း တရုတ်ပြည်သူများနှင့် ပြည်ပနိုင်ငံများမိတ်ဖက်ဖြစ်ရေးအဖွဲ့ ဒုတိယ အကြီးအကဲ ဖန့်ရူအိုကူက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်၌ ကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

အီရတ်နိုင်ငံ၌ စက်တင်ဘာ ၁၈ ရက်က ဗုံးပေါက်ကွဲမှုနှင့် ယာဉ်တိုက်ခိုက်မှုတို့ကြောင့် အမေရိကန် တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး အနည်းဆုံးသုံးဦး ဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အမေရိကန်စစ်ဘက်၏ နောက်ဆုံး ကြေညာချက်အရ ဘဂ္ဂဒက်မြို့တော်အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်အတွင်း အမေရိကန်ခြေမြန်တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၈ ရက်က ကင်းလှည့်စဉ် ဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရသွားသည်ဟုသိရသည်။

ဒီယာလာပြည်နယ်မှာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ်မှစတင်ကာ အီရတ်နိုင်ငံကို ကျူးကျော်ကတည်းက တိုက်ခိုက်ရေးသမားများနှင့် ခွဲထွက်ရေးသမားများ သောင်းကျန်းရာ နယ်မြေဖြစ်သည့် ပြည်နယ်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမှုများ ဖြစ်ပေါ်နေသည်ကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ ခုနှစ် စွမ်းအင်ညီလာခံ နီပေါ၌ကျင်းပ

ခတ္တမန္ဒူ စက်တင်ဘာ ၂၁

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ရေအားလျှပ်စစ်စီမံကိန်းများတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန်အတွက် ၂၀၀၇ခုနှစ် စွမ်းအင်ညီလာခံကို စက်တင်ဘာ ၁၇ ရက်က စတင်ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါညီလာခံသို့ ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ညီလာခံ၏ အဓိကဦးတည်ချက်မှာ ရေအားလျှပ်စစ်စီမံကိန်းများတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ရရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို လျှော့ချရန်အတွက်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း၌ အရာရှိတစ်ဦး ပစ်သတ်ခံရ

ဗန်ကောက် စက်တင်ဘာ ၂၁

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ဘိုရာခရိုင်ခွဲ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရိမာလီဆော ၄၃နှစ်အား သောင်းကျန်းသူတို့က စက်တင်ဘာ ၁၈ရက်တွင် သေနတ်ဖြင့် ပစ်သတ်လိုက်သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ကြေညာ

မစ္စတာရိမာလီသည် ရုံးမှနေအိမ်သို့ မော်တော်ကားဖြင့် ပြန်စဉ် သေနတ်သမားများက လိုက်လံပစ်ခတ်သဖြင့် ဦးခေါင်းအား သေနတ်ထိမှန်ပြီးသေဆုံးသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သေဆုံး

ယာလာပြည်နယ်နှင့်တကွ အိမ်နီးချင်း နာရာသီဝပ်ပြည်နယ်၊ ပတ္တာနီပြည်နယ်တို့တွင် နေ့စဉ်လိုပင် သောင်းကျန်းသူတို့၏ တိုက်ခိုက်မှုကို ခံကြရသည်။ သုံးနှစ်အတွင်း လူ ၂၄၀၀နီးပါး သေဆုံးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အီလက်ထရွန်နစ် ထုတ်ကုန်ပြပွဲ၌ ဆိုနီကုမ္ပဏီမှ အရောင်းဝန်ထမ်းတစ်ဦးက လက်ကိုင်ကွန်ပျူတာတစ်လုံး ပြသနေသည်ကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်စပိန်နိုင်ငံတို့ ရေတပ်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်

ဂန်ကျိုး စက်တင်ဘာ ၂၁

အတ္တလန္တိတ်ပင်လယ်အတွင်း၌ စက်တင်ဘာ ၁၈ရက်က တရုတ်နှင့် စပိန်နှစ်နိုင်ငံတို့သည် ရေတပ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများကို ပထမအကြိမ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

စစ်ရေးလေ့ကျင့်

နှစ်နိုင်ငံမိတ်ဆွေဖက် နိုင်ငံများအဖြစ် ၂၀၀၇ခုနှစ် ရေတပ် စစ်ရေးလေ့ကျင့်မှုအနေဖြင့် တရုတ်နိုင်ငံမှ ဒုံးပျံတင် စစ်သင်္ဘောနှင့် စပိန်နိုင်ငံမှ ကင်းလှည့် စစ်သင်္ဘောတို့ဖြင့် ရန်သူရှာဖွေခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်

တရုတ်နှင့် စပိန်နိုင်ငံတို့သည် ၁၉၈၀ပြည့်နှစ်မှ စတင်ကာ နှစ်နိုင်ငံ ရေတပ်ဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၃ ခုနှစ် မတ်လအတွင်းမှ စတင်ကာ ရှန်ဟိုင်းမြို့၌ ငါးရက်ကြာ အလည်အပတ်ခရီးရောက်ရှိလျက် ရေတပ်ဆိုင်ရာ သင်တန်းများ လေ့ကျင့်သင်ကြားရန် သဘောတူခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖက်ရှင်ပြပွဲ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ဖက်ရှင်မယ်များ သရုပ်ပြနေသည်ကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့်ဂျာမနီတို့ နျူကလီးယားအကျပ်အတည်းကိစ္စ ဆွေးနွေး

ဘာလင် စက်တင်ဘာ ၂၁

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်ပြီး အီရန် ထိပ်တန်းအရာရှိတစ်ဦးနှင့် ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါလ်တာစတိန်းမိုင်ရာတို့ ဘာလင်မြို့၌ စက်တင်ဘာ ၁၉ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြောကြား

ယခုဆွေးနွေးပွဲသည် အလွတ်သဘော ဆွေးနွေးမှုသာဖြစ်ကြောင်း၊ ဆွေးနွေးရာတွင် နျူကလီးယားအကျပ်အတည်းနှင့် ဒေသတွင်း အီရန်နိုင်ငံ၏ အရေးပါမှုအပြင် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးများကို ဆွေးနွေးခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မာတင်ဂျော်ဂျာက သတင်းထောက်များအား ပြောကြားသည်။

ဆွေးနွေး

အီရန်နိုင်ငံမှ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ဟက်ဆန်ရိုဟာနီသည် အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ ညှိနှိုင်းရေးမှူးဟောင်းတစ်ဦးဖြစ်ပြီး အီရန်နိုင်ငံ၏ လုံခြုံရေးကောင်စီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

ဟက်ဆန်ရိုဟာနီသည် ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာ မူဝါဒအကြီးအကဲ ဂျာဗီးရားဆိုလာနာနှင့် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်၌ တာလီဘန်တပ်ဖွဲ့ဝင် ၁၄ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟာလ်မတ်ပြည်နယ်၌ အာဖဂန်နှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် တာလီဘန်လက်နက်ကိုင် ၁၄ဦး သေဆုံးခဲ့ရကြောင်း၊ အခြားပြည်နယ်တစ်ခု၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း စက်တင်ဘာ ၁၈ရက်၌ ပြည်နယ်ရုံးအဖွဲ့က ပြောကြားသည်။

ကာဂျာကီခရိုင်တွင် စက်တင်ဘာ ၁၇ရက်က လေကြောင်းမှ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တာလီဘန်လက်နက်ကိုင် ကိုးဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များတိုက်ခိုက်မှုကြောင့် နောက်ဆုံးအချိန်အထိ အာဖဂန်နစ္စတန်၌ တာလီဘန်လက်နက်ကိုင် ရာပေါင်းများစွာ သေဆုံးခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်တွင် ရေလွှမ်းမိုးမှု စိုက်ပျိုးမြေဟက်တာ ကိုးသိန်းခန့် ပျက်စီးခဲ့

ဒါကာ စက်တင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင်လမှစတင်ကာ ရေလွှမ်းမိုးမှု ဒဏ်ကြောင့် ကောက်ပဲသီးနှံစိုက်ဧရိယာ ဟက်တာ ကိုးသိန်းခန့် ပျက်စီးခဲ့ရကြောင်း ပြည်တွင်းထုတ်သတင်းစာသည် ဖီနီရှယ်အိတ်စ်ပရက်စ်က စက်တင်ဘာ ၂၀ ရက်၌ ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ၆၄ ခရိုင် ရေလွှမ်းမိုးမှုဒဏ်ခံရသည့်အနက် ၃၉ ခရိုင်၏ မြေဟက်တာ ၅၅၀၀၀၀ တွင် ကောက်ပဲသီးနှံစိုက်ပျိုးမှုများ ပျက်စီးခဲ့ရကြောင်း၊ အခြားမြေ ဟက်တာများစွာလည်း စိုက်ပျိုးမှုအတွက် ထိခိုက်ခဲ့ရကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြသည်။

ပျက်စီး

ထို့အတူ စက်တင်ဘာလအစောပိုင်းရက်များက ရေလွှမ်းမိုးမှုကြောင့် စုစုပေါင်း မြေဟက်တာ ၃၅၀၀၀၀ ခန့် စိုက်ပျိုးရန် ပျက်စီးခဲ့ရကြောင်း၊ ၃၃ ခရိုင်ရှိ ကောက်ပဲသီးနှံစိုက်ပျိုးမှုများမှာလည်း ပျက်စီးခဲ့ရကြောင်း ဆက်လက် ဖော်ပြထားသည်။

တစ်ဖန် ရေလွှမ်းမိုးမှုကြောင့်နေအိမ်အများအပြား ပျက်စီးခဲ့ရပြီး လမ်းအရှည်ကီလိုမီတာများစွာ ပျက်စီးခဲ့ရကာ တံတားများစွာလည်း ကျိုးကျပျက်စီးခဲ့ကြောင်း၊ လူ ၁၀၀၀ ခန့် သေဆုံးပြီး လူ ၁၆ သန်းခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအတွင်း မိုဘိုင်းလ်ဖုန်း သုံးစွဲသူများပြား

ဂန်ကျိုး စက်တင်ဘာ ၂၁

တရုတ်နိုင်ငံတွင် ယခုနှစ် ပထမ ခုနစ်လအတွင်း မိုဘိုင်းလ်ဖုန်း သုံးစွဲသူပေါင်း သန်းခြောက်ရာကျော်ရှိကြောင်း၊ ပြည်သူငါးဦးလျှင် တစ်ဦးနှုန်း မိုဘိုင်းလ်ဖုန်း သုံးစွဲလျက်ရှိကြောင်း ပြည်နယ်ရုံးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင်နှစ်ကုန်ပိုင်းမှ ယခုထိ နိုင်ငံတွင်း မိုဘိုင်းလ်ဖုန်း သုံးစွဲသူ ၄၀ဒသမ ၅၆သန်းအထိ တိုးမြင့်လာသည်။ လစဉ်ပျမ်းမျှအားဖြင့် ၆ ဒသမ ၇၆ သန်း တိုးမြင့်လျက်ရှိသည်။

တရုတ်နိုင်ငံအတွင်း ကြိုးဖုန်း သုံးစွဲသူပေါင်း ၃၇၂သန်း ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် တီကရစ်မြို့ရှိ မြစ်အတွင်း ပျံ့နှံ့လာသော ရေနံများလောင်ကျွမ်းမှု ဖြစ်ပွားနေသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။
(အဆိုပါရေနံများမှာ ဘေဂျီမြို့ရှိ ရေနံပိုက်လိုင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တီကရစ်မြို့သို့ ပျံ့နှံ့ရောက်ရှိလာခြင်း ဖြစ်ကြောင်း သိရသည်။)
(ဓာတ်ပုံ-အင်တာနက်)

ထိုင်းလေယာဉ်ပျက်ကျရာ၌ သေဆုံးသူများအား လျော်ကြေးငွေ ဒေါ်လာ ၁၃၀၀၀၀စီ ရရှိမည်

ဗန်ကောက် စက်တင်ဘာ ၂၁

ထိုင်းနိုင်ငံ ဖူးကက်လေဆိပ်၌ စက်တင်ဘာ ၁၆ ရက်က ဝမ်းတူးဂိုးလေကြောင်းလိုင်းမှ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သော ခရီးသည်များအား တစ်ဦးလျှင် လျော်ကြေးငွေ အမေရိကန်ဒေါ်လာ ၁၃၀၀၀၀စီ ရရှိမည်ဟု သတင်းတွင် ဖော်ပြသည်။

သဘောတူဆုံးဖြတ်

ထိုင်းပို့ဆောင်ရေးဝန်ကြီး သီအီယာဟာအိုချာရွန်၊ ပို့ဆောင်ရေးဒုတိယဝန်ကြီး ဆန်ဆာန်ဝန်ချာအွန်၊ ပို့ဆောင်ရေးဌာန အမြဲတမ်း အတွင်းရေးမှူး ချိုင်ဆာဝက်စ်ကစ်ဟီပေါ်န်ပယ်ဘူလ်၊ လေယာဉ်ထုတ်လုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် အန်ဂ်ဆူဝမ်နှင့် ဝမ်းတူးဂိုးလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ်တို့ စက်တင်ဘာ ၁၉ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းကဲ့သို့ လျော်ကြေးငွေကို သဘောတူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စေ့စပ်ညှိနှိုင်း

ဝမ်းတူးဂိုး လေကြောင်းလိုင်းနှင့် အာမခံကုမ္ပဏီတို့ စေ့စပ်ညှိနှိုင်းပြီးနောက် ယခုကဲ့သို့ လျော်ကြေးငွေကို ရရှိခဲ့ခြင်းဖြစ်ကြောင်း အစည်းအဝေးအပြီးတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ သီအီယာက ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

လူသစ်တန်းဒါဘီကို အနိုင်ယူမည့် အာဆင်နယ် ဘင်နီတက်ဇ် သုံးမှတ်ရဦးမည့် ဘာမင်ဂမ်နှင့် ပရီမီယာလိဂ်ပွဲစဉ်(၇)

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ



လီဗာပူး အတွက် တောရက်စ် ဂိုးသွင်းပေး နိုင် ပါ မလား။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၂၁

ချန်ပီယံလိဂ်ပွဲတွေ ကစားပြီးတာနဲ့ အင်္ဂလန်ထိပ်သီး ဘောလုံးအသင်းတွေအတွက် ပရီမီယာလိဂ်ပွဲစဉ်(၇)ကို စက်တင်ဘာ ၂၂ရက်နှင့်၂၃ရက်တွေမှာဆက်လက်ကစားရမှာဖြစ်ပါတယ်။ စက်တင်ဘာ ၂၂ရက် (ယနေ့)မှာ ပွဲစဉ်ခြောက်ပွဲ ကစားရမှာဖြစ်လို့ အာဆင်နယ်က ဒါဘီနဲ့ အိမ်ကွင်း၊ လီဗာပူးကလည်း အိမ်ကွင်းမှာ ဘာမင်ဂမ်နဲ့ တွေ့ကြရမှာဆိုတော့ အာစင်ဝင်းဂါးနဲ့ ဘင်နီတက်ဇ်တို့ အိမ်ကွင်းမှာသုံးမှတ်အပြည့် ရကြဦးမယ့်ပွဲတွေပဲ ဖြစ်နေပြန်ပါတယ်။

အာဆင်နယ်နှင့် ဒါဘီ

ရှုံးပွဲမရှိသေးတဲ့ အာဆင်နယ်နဲ့ နိုင်ပွဲတစ်ပွဲသာ ရသေးတဲ့ ဒါဘီတို့ပွဲကတော့ ခြေရည်မမျှတဲ့ပွဲအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ခံစစ်ရော တိုက်စစ်ပါ တူတူတန်တန်ခြေစွမ်းမရှိတဲ့ ဒါဘီဟာ အဝေးကွင်းမှာ အာဆင်နယ်နဲ့ ကစားရမှာမို့ ဂိုးအလှူပေးရမယ့်ကိန်းပါပဲ။ဒါဘီအသင်းနည်းပြ ဒါးဗီစ်လည်း ဗျူဟာမျိုးစုံ ခင်းကျင်းနေပေမယ့် ဘယ်လိုမှ ရလဒ် ထူးခြားမလာတဲ့ ဒါဘီဟာ အခုကတည်းက တန်းပြန်ဆင်းဖို့ မျက်စပစ်နေတဲ့ အသင်းဖြစ်နေပါပြီ။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲတွေကြောင့် အမာခံကစားသမားတွေအနားပေးထားပြီး အရန်လူတွေချည်း အာစင်ဝင်းဂါး ထုတ်သုံးခဲ့ရင်သရေပွဲအမြင့်ဆုံး မျှော်လင့်နိုင်တဲ့ ဒါဘီဟာ ခံစစ်ကို လုံအောင်လူအင်အားသုံး ကစားခဲ့ရင်တော့ အာစင်ဝင်းဂါးအိမ်ကွင်းမှာသရေပွဲနဲ့ ကြုံပြီး မျက်နှာပျက်စရာဖြစ်သွားနိုင်ပါတယ်။ ဒီလို အဖြစ်မျိုးကိုတော့ အာစင်ဝင်းဂါး လက်ခံမှာမဟုတ်တဲ့အတွက် လူသစ်တန်း ဒါဘီကိုတော့ အနိုင်ကစားပါလိမ့်မယ်။ ဒါဘီတို့ ဂိုးဘယ်လောက်ပေးသွားမလဲ ဆိုတာပဲ စောင့်ကြည့်ရမယ့်ပွဲပါပဲ။

လီဗာပူးနှင့် ဘာမင်ဂမ်

ပရီမီယာလိဂ်ဖလားကို မှန်းနေတဲ့ လီဗာပူးဟာ ဘာမင်ဂမ်ကို အိမ်ကွင်းမှာကစားရပေမယ့် ဖိဖိစီးစီးကစားပါလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ လီဗာပူးကွင်းမှာ ဘာမင်ဂမ်တို့နဲ့ ကစားရတဲ့ပွဲတိုင်း လွယ်လွယ်ကူကူတစ်ခါမှ အနိုင်မရခဲ့လို့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့သုံးကြိမ်ဆုံခဲ့ဖူးတဲ့ မှတ်တမ်းကိုကြည့်ရင် သရေတစ်ပွဲ၊အနိုင်နှစ်ပွဲအဖြစ်လီဗာပူးတို့ မှတ်တမ်းတင်ထားပါတယ်။

ယုံကြည်

ဒါပေမယ့် ဒီနှစ် ဘာမင်ဂမ်မှာ ကာပိုနဲ့ ဂီဝဲလ်တို့ကြောင့် ခံစစ်အားပိုကောင်းလာတာကို ဘင်နီတက်ဇ် သတိပြုရပါလိမ့်မယ်။ ပွဲပမ်းနေပေမယ့် အရန် လူအင်အား တောင့်တင်းတဲ့ လီဗာပူးဟာ တောရက်စ်အားကိုးနဲ့ ဘာမင်ဂမ်ကို အမှတ်ဗလာနဲ့ အိမ်ပြန်ခိုင်းမှာ သေချာပါတယ်။ ပြီးခဲ့တဲ့ပွဲမှာ လီဗာပူးဟာ ပို့စ်မောက်နဲ့ သရေပွဲဖြစ်ခဲ့လို့ ဒီပွဲမှာတော့ အမှတ်ပြည့်ရမယ်လို့ ယုံကြည်နေပါတယ်။

ဘလက်ဘန်းနှင့် ပို့စ်မောက်

ဒီနှစ်မှာ အသင်းကြီးတွေ သတိထားနေရတဲ့ ဘလက်ဘန်း အသင်းဟာ ခြေစွာလွန်းတာကြောင့် အသင်းတိုင်း ရှိန်နေရတဲ့ ခြေစွမ်း ရှိနေပါတယ်။ ဘလက်ဘန်းအသင်းမှာ မက်ကာသေး၊ ဝါးလ်နော့၊ ဆားဗေ့ချ်နဲ့ ဆန်တာခရုဇ်တို့အုပ်စုက ခြေစွမ်းထက်တာကြောင့် အိမ်ကွင်းမှာ ဘလက်ဘန်းတို့ရှုံးပွဲမရှိသေးပါဘူး၊ ဒါ့အပြင် ဘလက်ဘန်း တိုက်စစ်ဟာ မြန်ဆန်ပြီး ထိရောက်မှုရှိတာကြောင့် ခြေမငြိမ်တဲ့ ပို့စ်မောက် ခံစစ်မှူးတွေ ထိန်းဖို့သိပ်မလွယ်ပါဘူး။

မျှော်လင့်ချက်မရှိသေး

ပို့စ်မောက်ဟာ ကစားအားကောင်းပေမယ့် စုစည်းမှုနဲ့ အဆုံးသတ်ပိုင်းတွေမှာ အားနည်းနေပါတယ်။ အဝေးကွင်းမှာ နိုင်ပွဲဈေးဦးမပေါက်သေးတဲ့ ပို့စ်မောက်ဟာ ဒီပွဲမှာလည်း မျှော်လင့်ချက်ထားလို့မရသေးပါဘူး။ အကြိုက်က ဘလက်ဘန်းပါပဲ။

ဖူလ်ဟမ်နှင့် မန်စီးတီး

ပြီးခဲ့တဲ သုံးပွဲမှတ်တမ်းမှာတော့ ဖူလ်ဟမ်နဲ့ဆုံတိုင်း မန်စီးတီးတို့ ရှုံးပွဲကြုံတွေ့ခဲ့ရတာချည်းပါပဲ။ခြေတက်လာတဲ့မန်စီးတီးဟာအခုပွဲမှာတော့ ဖူလ်ဟမ်ကို အကြွေးဆပ်ဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် မန်စီးတီးတိုက်စစ်မှူး ဘိုဂျီနော့ဗ် ဒဏ်ရာရနေတဲ့အတွက် တိုက်စစ်အပိုင်း အားနည်းမှုတော့ရှိနေပါတယ်။ အဲရစ်ဆင်ဟာ တန်းစီဇယား ဒုတိယနေရာရောက်နေမှုကို ဆက်ထိန်းမယ့် သဘောရှိတာကြောင့်ဒီပွဲကိုအဝေးကွင်း ဆိုပေမယ့် အနိုင်ကစားပါလိမ့်မယ်။

အားပေး

ဒါပေမယ့် ဝီဂန်ကို အနိုင်ရပြီး စိတ်ဓာတ်တက်ကြွနေတဲ့ ဖူလ်ဟမ်ကို မန်စီးတီးတို့ လွယ်လွယ်ကူကူ အနိုင်မရနိုင်ပါဘူး။ ဖူလ်ဟမ်ဟာ အိမ်ကွင်းမှာ မာမာတင်းတင်း တုံ့ပြန်ကစားတတ်တဲ့အပြင် ခက်ခက်ခဲခဲဂိုးသွင်းယူတတ်တာကြောင့် အကြိုက်က မန်စီးတီး ဆိုပေမယ့် ဖူလ်ဟမ်ကို အားပေးချင်ပါတယ်။

မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်း

အိမ်ကွင်းမှာ ခြေတွေ့ရင် တစ်ဖက်အသင်း ကစားကွက်တည်မရအောင် ထိုးဖောက်ကစားတတ်တဲ့ မစ်ဒယ်ဘရော့ကို ဆန်းဒါးလန်းတို့နိုင်ပွဲရဖို့ သိပ်တော့မလွယ်ပါဘူး။ မစ်ဒယ်ဘရော့မှာ မီဒို၊ တွန်ကေးနဲ့ ဒေါင်းနင်းတို့က ခြေပေါ်အောင် ကစားနိုင်သူတွေဖြစ်တဲ့အပြင် ဂိုးလည်းရအောင် သွင်းယူနိုင်ကြသူတွေပါပဲ။

ဆန်းဒါးလန်း

ဆန်းဒါးလန်းမှာ ရစ်ချတ်ဆန် ဒဏ်ရာရနေပေမယ့် ဂျိုးနက်စ်နဲ့ ဝေါလ်လေ့တို့က ဆန်းဒါးလန်း ကစားအားကို ထိန်းပေးနိုင်ကြသူတွေဆိုတော့ အခြေအနေ မဆိုးရွားနိုင်ပါဘူး။ ဒါပေမယ့် လက်ရှိမစ်ဒယ်ဘရော့ခြေစွမ်းက အတက်အကျရှိနေပေမယ့် အကောင်းဘက်မှာ ရှိနေတာမို့ အိမ်ရှင်ကိုပဲ မျက်နှာသာပေးလိုက်ချင်ပါတယ်။

ရက်ဒင်းနှင့် ဝီဂန်

သုံးပွဲဆက်တိုက်ရှုံးနေတဲ့ရက်ဒင်းရဲ့ခြေစွမ်းက ဝီဂန်တို့ အနိုင်ရဖို့ အခွင့်အရေးတစ်ရပ်လိုဖြစ်နေပါတယ်။ ဒီနှစ်မှာ ခြေကျနေတဲ့ ရက်ဒင်းဟာ တစ်ပွဲမှ ထိုက်တန်တဲ့ခြေစွမ်း မပြနိုင်သေးပါဘူး။ ရက်ဒင်းဟာ ခံစစ်ပိုင်း အားနည်း နေသလို တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်း စွမ်းရည်လည်း ကျဆင်းနေပါတယ်။

တည်ငြိမ်မှုမရှိ

ဒီလိုပါပဲ ဝီဂန်ရဲ့ ခြေစွမ်းကလည်း အပြောင်းအလဲများနေပြီး တည်ငြိမ်မှုလည်းမရှိပါဘူး။ ဒါပေမယ့် ဝီဂန်ဟာအဝေးကွင်းမှာတန်ပြန် တိုက်စစ်ကိုအားကိုးတတ်တာမို့ရက်ဒင်းတို့ သတိထားရပါလိမ့်မယ်။ ပွဲစဉ် (၆)မှာ ဝီဂန်က ဖူလ်ဟမ်ကို တစ်ဂိုးစီသရေ ကစားသွားခဲ့တဲ့ခြေစွမ်းက ကောင်းနေပြန်တာမို့ ဒီနှစ်သင်းက ခြေရည်တူနေပါတယ်။ ဒါကြောင့် ဒီပွဲရလဒ်ရဲ့အနေအထားကိုစိတ်ကြိုက်ရွေးချယ်ရပ်တည်ရမယ်ဆိုရင်တော့ အလယ်တည့်တည့်မှာပဲ ရပ်နေလိုက်ချင်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

စကိုလာရီက ဒရာဂူတီနိုဗစ်အား လက်သီးဖြင့်ချိန်ရွယ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီနည်းပြ စကိုလာရီ ယူရိုပွဲလေးပွဲ အပိတ်ခံရ

လစ္စဘွန်း စက်တင်ဘာ ၂၁

ပေါ်တူဂီအသင်းနည်းပြ စကိုလာရီသည် စက်တင်ဘာ၁၂ရက်က ပေါ်တူဂီအသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြစဉ် မသင့်လျော်သည့် အပြုအမူကို ပြုလုပ်ခဲ့သည့်အတွက် ယူအီးအက်ဖ်အေက လေးပွဲပိတ်ပင်လိုက်သည်။

နည်းပြစကိုလာရီသည် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည့် အဆိုပါ ယူရိုခြေစစ်ပွဲ၌ ဆားဘီးယားနောက်တန်းလူ ဒရာဂူတီနိုဗစ်အား ပွဲပြီးခရာမှုတ်ပြီးနောက် လက်သီးဖြင့် ချိန်ရွယ်ခဲ့သည်။ ယင်းအပြုအမူအတွက် စကိုလာရီသည် ယူရို ၂၀၀၈ ခြေစစ်ပွဲအပိတ်ခံရမည့်အပြင် ဒဏ်ကြေးငွေယူရို၁၂၊၂၀လည်း ဒဏ်ရိုက်ခံရမည်ဖြစ်သည်။

အနားယူလိမ့်မည်

၎င်းအား ပေါ်တူဂီအသင်းက လာမည့်ယူရိုခြေစစ်ပွဲလေးပွဲကစား နေစဉ်အတွင်း အသင်းအဝတ်အစားလဲခန်းထဲ ဝင်ခွင့်မပြုသည့်အပြင် တယ်လီဖုန်းနှင့်လည်း ဆက်သွယ်ခွင့်ပေးမည်မဟုတ်ဟု ဆိုသည်။ အဆိုပါ ဆားဘီးယားနောက်တန်းကစားသမားက စကိုလာရီအား စပိန်ဘာသာစကားဖြင့် ညစ်ညမ်းသောစကားများ ပြောဆိုခဲ့သည်ဟု ဆိုသည်။ စကိုလာရီသည် ၂၀၀၈ခုနှစ် ဇူလိုင်လတွင် ပေါ်တူဂီနည်းပြအဖြစ်မှ အနားယူလိမ့်မည် ဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို လျော်ကြေးငွေပေါင် ၂၅သန်းရရန် မျှော်လင့်

လန်ဒန် စက်တင်ဘာ ၂၁

ချယ်လ်ဆီးနည်းပြဟောင်း ဂျို့စ်မော်ရင်ဟိုသည် စတန်းဖို့ဒ်ဘရစ်မှ ထွက်ခွာခဲ့ပြီးနောက် လျော်ကြေးငွေပေါင်၂၅သန်းရရှိရန် မျှော်လင့်ထားသည်။

အစားထိုး

မော်ရင်ဟို၏နည်းပြရာထူးကို ချယ်လ်ဆီးအသင်းက ဘောလုံးညွှန်ကြားရေးမှူး အေဗရမ်ဂရန့်အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်း၏ အသင်းကြီးကြပ်သူအဖြစ် သုံးနှစ်တာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။

ထွက်ခွာ

မော်ရင်ဟို ချယ်လ်ဆီးအသင်းမှ ထွက်ခွာသွားပြီးနောက် လက်ထောက်နည်းပြများဖြစ်ကြသည့် ဘရီတိုနှင့် ဖာရီယာတို့လည်း ထွက်ခွာသွားသည်ဟု ဆိုသည်။ ဂိုးနည်းပြလော်ရီလည်း အသင်းမှထွက်ခွာခဲ့သည်။

အသက် ၄၄နှစ်ရှိ မော်ရင်ဟိုသည် ၂၀၀၄ခုနှစ် ဇွန်လက ချယ်လ်ဆီးအသင်းသို့ရောက်လာပြီး ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးပေးနိုင်ခဲ့သည်။ (အင်တာနက်)

ချယ်လ်ဆီးအသင်းအားစွန့်ခွာသွားသူ ဂျို့စ်မော်ရင်ဟို။

(ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ-မြင့်မောင်စိုး

ခြေချောင်းများကျိုးနေသဖြင့်အနည်းဆုံး ခြောက်ပတ်ခန့် အနားယူရမည့် အလွန်ဆို။

(ဓာတ်ပုံ-အင်တာနက်)

လီဗာပူးကစားသမား အက်ဂါနှင့်အလွန်ဆို ခြေချောင်းကျိုး၍ ခြောက်ပတ်နားရမည်

လန်ဒန် စက်တင်ဘာ ၂၁

လီဗာပူးအသင်းမှ ဒန်နီရယ်အက်ဂါနှင့်အလွန်ဆိုတို့သည် ခြေချောင်းများကျိုးနေကြ၍ အနည်းဆုံးခြောက်ပတ်ခန့် အနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

ဒဏ်ရာရခဲ့

ဒိန်းမတ်လက်ရွေးစင်အသင်းမှ အက်ဂါသည်ပေါ်တိုအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားခဲ့ရာတွင် ခြေချောင်းကျိုးခဲ့ခြင်းဖြစ်သည်။ စပိန်ကွင်းလယ်ကစားသမားအလွန်ဆိုသည် လွန်ခဲ့သောသီတင်းပတ်က ပို့စ်မောက်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့်ပွဲ၌ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
သစ်တောတက္ကသိုလ်
ကြေညာချက်
စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောတက္ကသိုလ်က ကျင်းပခဲ့သော အောက်ဖော်ပြပါ သက်ဆိုင်ရာဘွဲ့ စာမေးပွဲအသီးသီးကို ယှဉ်တွဲဖော်ပြပါနှစ်များအလိုက် အောင်မြင်ပြီးသူများသည် ၂၀၀၇ခုနှစ် နိုဝင်ဘာလအတွင်းကျင်းပမည့် သစ်တောတက္ကသိုလ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

- **(က) သိပ္ပံ(သစ်တော)ဘွဲ့** – **၂၀၀၅ခုနှစ် မတ်လမှ ၂၀၀၇ခုနှစ် မတ်လအထိ စာမေးပွဲများ**
- **(ခ) ဘွဲ့လွန်ဒီပလိုမာ(သစ်တော)** – **၂၀၀၄ခုနှစ် နိုဝင်ဘာလမှ ၂၀၀၆ ခုနှစ် ဇန်နဝါရီလအထိ စာမေးပွဲများ**
- **(ဂ) မဟာသိပ္ပံ(သစ်တော)** – **၂၀၀၅ခုနှစ် မေလမှ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ စာမေးပွဲများ**

ဖော်ပြပါကာလများမတိုင်မီက အောင်မြင်သူများသည် အဝေးရောက် ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူများသည် နောက်ဆုံး သုံးလအတွင်း ရိုက်ကူးထားသော (၂" x ၁ $\frac{၁}{၂}$ ") အရွယ် ဓာတ်ပုံသုံးပုံနှင့်အတူ သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၃။ လျှောက်လွှာပုံစံများကို သစ်တောတက္ကသိုလ်၊ ရေဆင်းနှင့် ညွှန်ကြားရေးမှူး ရုံးများ၊ တိုင်း၊ ပြည်နယ် သစ်တောဦးစီးဌာနတို့တွင် ရယူနိုင်သည်။

၄။ လျှောက်ထားသူများသည် တက်ရောက်ဘွဲ့အတွက် ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့အတွက် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) ဘွဲ့နှင်းသဘင်ကြေးပေးသွင်းရမည်။

၅။ လျှောက်လွှာကို သစ်တောတက္ကသိုလ်တွင် ကိုယ်တိုင်လာရောက် တင်သွင်းနိုင်သည်။

၆။ ရပ်ဝေးမှ ပေးပို့လျှောက်ထားလိုသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာဖြင့်"ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်"ထံသို့ လိပ်မူ ပေးပို့၍ ငွေပို့လွှာအောက်ခြေတွင်"ဘွဲ့နှင်းသဘင်ကြေး"ဟု ဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့် ခုံအမှတ်၊ ခုနှစ်၊ လနှင့် နေရပ်လိပ်စာ အပြည့်အစုံတို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာကို ၁၅–၁၀–၂၀၀၇ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်။

၈။ ဘွဲ့ဝတ်ရုံ ငှားယူခွင့်ထောက်ခံစာကို ၁၅–၁၁–၂၀၀၇ရက်မှစ၍ မော်ကွန်းထိန်းရုံးတွင် ထုတ်ပေးမည်။

၉။ ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်။

- **ကျင်းပမည့်နေ့ရက်** – **၂၀၀၇ခုနှစ် နိုဝင်ဘာလ ၁၈ရက် (တနင်္ဂနွေနေ့)**
- **ကျင်းပမည့်အချိန်** – **နံနက်(၈း၀၀)နာရီ**
- **ကျင်းပမည့်နေရာ** – **သစ်တောတက္ကသိုလ်၊ ရေဆင်း**
- **အစမ်းလေ့ကျင့်မည့်နေ့ရက်** – **၂၀၀၇ခုနှစ် နိုဝင်ဘာလ ၁၇ရက် (စနေနေ့)**
- **အချိန်** – **နံနက် ၈း၀၀ နာရီ**

၁၀။ အသေးစိတ်သိရှိလိုပါက သစ်တောတက္ကသိုလ်၊ မော်ကွန်းထိန်းရုံး ဖုန်း–၀၆၇–၄၁၆၅၁၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မောင်မောင်လွင်
မော်ကွန်းထိန်း

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ၂၂ရက်။ **သစ်တောတက္ကသိုလ်၊ရေဆင်း။**

ဆွမ်းဆန်တော်လောင်းလှူပွဲ
ပြည်မြို့၌ ကျင်းပမည်

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၊ ပြည်တောင်တန်း တောရကျောင်းများ ဆွမ်းဆန်တော်လောင်းလှူရေးအသင်း၏ (၂၆)ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၁ရက်(၁၃၆၉ခုနှစ် တော်သလင်း လပြည့်ကျော် ၁၅ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁နာရီတွင် ဗိုလ်ချုပ်လမ်း၊ သာသနာ့ဗိမာန်တော်၌ လောင်းလှူပူဇော်မည်ဖြစ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပြည်မြို့ တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းက ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၂၀၀၀ခန့်တို့အား လောင်းလှူပူဇော်မည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသော စေတနာရှင်၊ အလှူရှင်များသည် အောက်ပါပုဂ္ဂိုလ်များ နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးပေါ်ရွှေ ဥက္ကဋ္ဌ ဖုန်း–၀၅၃–၂၂၁၀၂၊ ဦးမြင့်ဆွေ အတွင်းရေးမှူး ဖုန်း–၀၅၃–၂၂၅၃၆၊ ဦးမောင်မောင်အေး ဘဏ္ဍာရေးမှူး ဖုန်း–၀၅၃–၂၁၉၄၄ နှင့် ဦးငွေးကြွယ် စာရင်းစစ် ဖုန်း–၀၅၃–၂၂၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ဖခင်အမည်မှန်

မိတ္ထီလာမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ ခွန်မျိုးလွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးစောရွှေသိုက် ဖြစ်ပါကြောင်း။ **ဦးစောရွှေသိုက်**
၁၃/တကန(နိုင်)၀၀၈၄၈၅။

ဖခင်အမည်မှန်

အထက(၅)တာမွေ တက္ကသိုလ်ဝင်တန်း(င)မှ မောင်စောရန်နောင်၏ ဖခင်အမည်မှန်မှာ ဦးသန့်စင် ဖြစ်ပါသည်။

ဦးသန့်စင်။

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ တောင်ကြီးတက္ကသိုလ်တွင် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်း နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	စက္ကူနှင့်စာရေးကိရိယာပစ္စည်း	1 Lot
၂။	ပရင်တာနှင့်မိတ္တူကူးစက်ဆက်စပ်ပစ္စည်း	1 Lot

၂။ တင်ဒါပိတ်ရက်မှာ ၂၇–၉–၂၀၀၇ရက် (၁၆း၃၀)နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
တောင်ကြီးတက္ကသိုလ်၊ ၀၈၁–၂၁၀၂၄။

သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)အထူးတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် တော်သလင်းလပြည့်နေ့တွင် ကုန်းဘောင် ၁၃လမ်း ဓမ္မာရုံ၌လည်းကောင်း၊ လပြည့်ကျော် ၂ရက်၊ ၃ရက် ညများတွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာဘုရားကြီးကုန်း ကျောင်းတိုက်ဘုရားပွဲ ဓမ္မသဘင်များ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဟု သိရသည်။

(က–ပ)


MYANMAR IVANHOE COPPER COMPANY LIMITED
(TENDER NOTICE)

TENDER NO. (IFB No. CCS-04-07)
Sale of an estimated (4,000 metric tones) of copper cathode from MICCL S&K Mine site in Monywa, Myanmar.

CLOSING DATE: 15th October 2007

Tender documents are available at the following address or can be accessed at www.miccl.com.mm. Any queries can be done between 10 am to 4pm at MICCL Yangon office before the tender closing date.

Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/Fax: (95) 1 514208/Email: miccl@miccl.com.mm)

ပုံပါကျင်မြို့ အဝင် ဆိုင်းဘုတ်မွမ်းမံပြင်ဆင်

ရန်ကုန် စက်တင်ဘာ ၂၁

ပုံပါကျင်မြို့ မြို့ဝင်ဆိုင်းဘုတ်အား ဆေးသုတ်ခြင်း၊ ပန်းအလှဖြည့်တင်း စိုက်ပျိုးခြင်းနှင့် ဆိုင်းဘုတ်အနီး ရေနုတ်မြောင်းကို ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်တာဝန်ခံ ဦးသက်နိုင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသောင်းဟန်ထွန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)





သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဉာဏ်စိုး (အဖ ဦးချစ်စံ) ၁၃/ကလန(နိုင်)၀၄၉၃၁၄ ကိုင်ဆောင်သူနှင့် ဒေါ်ညိုညိုစိမ့် (အဖ ဦးအောင်သိန်း) ၁၂/ဗတထ(နိုင်)၀၂၀၇၇၅ကိုင်ဆောင်သူတို့သည် အိမ်ထောင်ရေးအဆင်မပြေမှုများကြောင့် တရားဝင် အကြင်လင်မယားအဖြစ်မှ ၂၀၀၆ခုနှစ် မေလ ၂ရက်တွင် နှစ်ဖက်သောမိဘများအား အသိသက်သေထား၍ နှစ်ဦးသဘောတူ စာချုပ်စာတမ်းဖြင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲခဲ့သည့်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဉာဏ်စိုးနှင့် ဒေါ်ညိုညိုစိမ့်တို့သည် လုံးဝပတ်သက် သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် နောက်နောင်တွင် ဒေါ်ညိုညိုစိမ့်နှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ ထိခိုက်ညိုးနွမ်းစေမည့် မည်သည့်ပြုမူဆောင်ရွက်မှုမျိုးကိုမဆို ခွင့်လွှတ်မည်မဟုတ်ဘဲ တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

အခန်း ၂၆၊ တိုက် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ရုံးဖုန်း–၀၉–၅၁–၅၀၆၈၄။

ဦးခင်ဇော်
B.Sc (Zool), H.G.P,R.L
တရားရုံးချုပ်ရှေ့နေ၊ လိုင်စင်အမှတ်–၃၉၆၄

မိုးရွာသွန်းလေသမျှ ၂၁-၉-၂၀၀၇

နေပြည်တော်	– ၀ ဒသမ ၁၆ လက်မ
ဖျာပုံ	– ၈ ဒသမ ၂၇ လက်မ
ရန်ကုန်(မြို့လယ်)	– ၅ ဒသမ ၀၀ လက်မ
မြိတ်	– ၄ ဒသမ ၈၀ လက်မ
ပုသိမ်	– ၃ ဒသမ ၇၈ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	– ၃ ဒသမ ၇၀ လက်မ
ရန်ကုန်(ကမ္ဘာအေး)	– ၃ ဒသမ ၃၁ လက်မ
သာယာဝတီ	– ၃ ဒသမ ၀၃ လက်မ
ခရမ်း	– ၂ ဒသမ ၈၄ လက်မ

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

စားလို့ကောင်း၍ အထွက်လည်းကောင်းသော မျိုးချန်နိုင်သည့် စပါးမျိုးများစိုက်ပျိုး

ခွေရည်

မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးအပေါ်တွင် အခြေခံလျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသည်။ စပါးသည် မြန်မာနိုင်ငံ၏ အဓိက စားသုံးသီးနှံဖြစ်သည်။ စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးစသည့် နည်းလမ်းနှစ်သွယ်ဖြင့် စပါးပိုလျှံအောင် ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်တွင်းဆန် စားသုံးမှုသည် ဖူလုံပိုလျှံမှုရှိလာပြီ။

စပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိရန်သည် ရည်မှန်းချက်ပန်းတိုင်အထွက်နှုန်းဖြစ်သည်။ မိုးစပါး စိုက်ဧက ၁၇ သန်း၊ နွေစပါးစိုက်ဧက

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာတွင် တစ်ဧက တင်း ၁၁၀ ထွက်ရှိခဲ့သည်။

သုံးသန်း စုစုပေါင်း စပါးစိုက်ဧက သန်း ၂၀ စိုက်ပျိုး၍ တစ်နှစ်လျှင် စပါးတင်းသန်း ၁၅၀၀ ထွက်ရှိရေး မျှော်မှန်းဆောင်ရွက်နေသည်။

စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း စိုက်ပျိုးသူ တောင်သူလယ်သမားများ တစ်ဧက အထွက်နှုန်းတိုးမှုသာမက တောင်သူလယ်သမားများကိုယ်တိုင် စားသုံးနိုင်ရန်နှင့် ပတ်ဝန်းကျင်ရှိလူထု စားသုံးနိုင်သည့် ဆန်ဖြစ်ရန်လိုသည်။ တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာပြီး၊ ဈေးကောင်းရရန်လည်းလိုသည်။ စိုက်ပျိုးထုတ်လုပ်သည့်ဆန် အဆင့်အတန်းမြင့်ရန်လည်း လိုသည်။ ဈေးကွက်တွင် အရောင်းသွက်ရန်လည်း လိုသည်။ အထွက်တိုးပြီး စား၍မကောင်းသည့် ဆန်ဖြစ်ပါက စားသုံးမှုကို ဖြည့်စွမ်းပေးနိုင်မည် မဟုတ်ပေ။ ယခင်က အထွက်ကောင်းသည့် ရာကျော်စပါးမျိုးကို စိုက်ပျိုးခဲ့ဖူးသည်။ စားသုံးရာတွင် အရသာမကြိုက်သဖြင့် တောင်သူလယ်သမားများ မစိုက်ပျိုးကြတော့ပေ။ ယခုအခါ စိုက်ပျိုးရေးသုတေသနဌာနတွင် မျိုးထိန်းသိမ်းရန်အလို့ငှာသာ မျိုးစေ့ဘဏ်၌ သိမ်းထားတော့သည်။ ထို့ကြောင့် အထွက်လည်းကောင်း၊ စားသုံးရာတွင်လည်းကောင်းပြီး ဈေးကွက်ရသည့် ဆန်စပါးမျိုးများကို အမြောက်အမြားစိုက်ပျိုးထုတ်လုပ်ကြရမည် ဖြစ်သည်။

ဆန်စပါးမျိုးများတွင် အထွက်ကောင်းပြီး သက်တမ်းရက်ဖြင့် ပွင့်သီးသည့် စပါးမျိုး (HYV) (High Yielding Varieties)၊ အထွက်နှင့် အရည်အသွေးကောင်း မျိုးသန့်စပါးမျိုး (Pure Line)၊ စပ်မျိုးစပါး (Hybrid)၊ ရာသီစပါး(အချိန်ရာသီအလိုက်ပွင့်သီးသောစပါးမျိုး) (Photo-period Varieties) တို့ရှိကြသည်။ စပ်မျိုးစပါးမှလွဲလျှင် ကျန်စပါးမျိုးများသည် မျိုးချန်နိုင်သည့် စပါးမျိုးများ ဖြစ်ကြသည်။

ထို့ပြင် မြေပြန့်ဒေသ၊ တောင်ပေါ်ဒေသ၊ ရာသီအေးသည့်ဒေသ၊ ဆားငန်မြေဒေသ၊ ရေနက်ကွင်းဒေသ စသည်ဖြင့် ကွဲပြားသော ရေမြေရာသီဥတုဒေသအလိုက် သင့်တော်သော စပါးမျိုးများကို စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး သုတေသနမှ ထုတ်လုပ်ပေးလျက် ရှိသည်။ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ရသည်။ စပ်မျိုးစပါးသည် တောင်သူများ ကိုယ်တိုင် မျိုးမထုတ်လုပ်နိုင်သဖြင့် မျိုးထုတ်လုပ်သူကို မှီခိုရသည်။ စိုက်ဧကအများအပြား စိုက်ပျိုးမည်ဆိုလျှင် မျိုးအချိန်မီ ရရှိရန်အခက်အခဲရှိနိုင်သည်။ ရာသီစပါးသည် သက်တမ်းရက်ရှည် အထွက်နည်းသော်လည်း စားကောင်းသည့် အရည်အချင်းရှိသည်။ စားကောင်းသော်လည်း အထွက်နည်းသဖြင့်

ပဲခူးတိုင်း ကတုတ်ဘုရားကြီးကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းနေသော ဆင်းသွယ်လတ် စပါးခင်းပုံ။ (တစ်ဧက အထွက်တင်း ၁၂၀)

မန္တလေးတိုင်း သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ ဆင်းသွယ်လတ်စပါး စိုက်ပျိုးနေစဉ်။ (တစ်ဧကအထွက် ၁၄၁ တင်း)

စပါးပန်းတိုင် အထွက်ရရှိရန် သက်တမ်းရက်အလိုက် ပွင့်သီးသည့် အထွက်ကောင်းပြီး အရည်အသွေးရှိသောမျိုးသန့်စပါးမျိုးများကို စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြသည်။ အထွက်နှင့် အရည်အသွေးကောင်း မျိုးသန့်စပါးမျိုးများသည် မိုးစပါးသာမက ရေရရှိသော နေရာဒေသများတွင် နွေစပါးအဖြစ်လည်း စိုက်နိုင်သဖြင့် တစ်နှစ်နှစ်သီးရပြီး စိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေတိုးလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ မျိုးများသည် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့တွင် တောင်သူများ၏ စိုက်ခင်းမှ ထွက်ရှိမှုအရ တစ်ဧက တင်း ၁၀၀ မှ ၁၂၀ ကျော်ထွက်ရှိနေကြောင်း သိရှိရသည်။

ဆန်စပါး ဖူလုံပိုလျှံရေးအတွက် ရေတော် မိုးတော် ဧရိယာများတွင် စိုက်ပျိုးနေသော စပါးမျိုးများဖြစ်သည့် ဆင်းသွယ်လတ်၊ ရေဆင်းလုံးသွယ်၊ ဆင်းနွယ်ရင်၊ သီးထပ်ရင်၊ မနောသုခ၊ ရွှေမြန်မာ၊ ရွှေပြည်တန်၊ ဧရာမင်း၊ ဆင်းဧကရီ(၃)၊ မော်ဘီ (၂) စပါးမျိုးတို့သည် ဒေသရေမြေနှင့် ကိုက်ညီပြီး၊ တောင်သူလယ်သမားများ ကြိုက်နှစ်သက် လက်ခံစိုက်ပျိုးသော မျိုးများဖြစ်သည်။ စားသုံးသူများ၏ နှစ်သက်မှု၊ ကြိတ်ခွဲရောင်းချသော ကုန်သည်များ၏ လက်ခံမှု၊ ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိမှုတို့ကြောင့် မျိုးပြောင်းလဲ စိုက်ပျိုးနေကြသည်။ မျိုးပြောင်းလဲလိုက်သည်နှင့် ယခင်စပါး အထွက်ထက် တစ်ဧက တင်း ၂၀ ကျော် ပိုထွက်လျှင် စိုက်ဧက တစ်သန်းသာ မျိုးပြောင်းလဲလိုက်ပါက စပါးအထွက် တင်းသန်း ၂၀ ပိုထွက်မည်ဖြစ်သည်။ မျိုးပြောင်းလဲမှုစိုက်ဧက တိုးလာသည်နှင့်အမျှ စပါးအထွက်ကလည်း တိုးလာမည်ဖြစ်သည်။

ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စားလို့ကောင်း၊ အထွက်နှုန်းလည်းကောင်းသည့် မျိုးချန်၍စိုက်ပျိုးနိုင်သော စပါးမျိုးများကို ဒေသအနှံ့ တောင်သူလယ်သမားများအား ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၁၂ ရက်
၂၃-၉-၂၀၀၇
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုအကြောင်း-သိပ္ပံမှူးတင်)
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မဇ္ဈိမဒေသ သံဝေဇနီယ လေးဌာန ဘုရားဖူးခရီးစဉ်)
၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (ဘဝတစ်သက်တာ လှနေမှာ)
၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကိုယ်သာချစ်စိတ်တိတ်တိတ် ဖြေမယ် (ခင်မောင်လွင်)
(၂) ငှက်ဆိုရင် ဒီနေရာက ထပြန်သွားမယ် (မြင့်မြင့်စိန်)
(၃) ချစ်ခွန်းပန်ချွေသည့်နေ့ဝယ် (ကိုစိန်ဝင်း)
၁၂:၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (လူမှုဝန်ထမ်းစိတ်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မခန်းသောစမ်း)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ညီတော်မင်းနန် ချွတ်ခန်း- ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆:၁၀ နေ့စဉ်သုံး အီဒီယမ်
၁၇:၀၀ သူ့လက်သံ (မြန်မာ့အသံ စန္ဒာမိုး၏ စောင်းလက်သံ)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မင်းကောင်း အနော်ရထာ- ဒေါ်ထားကြည်-ဘီအေ)
၁၇:၃၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (မေဆွိ)
၁၈:၂၅ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**
၁၉:၁၅ မြန်မာ့ဓလေ့ (ရွှာစားကြီး စိန်ဗိုလ်တင့်အဖွဲ့မှ စီစဉ်တင်ဆက်သော တော်သလင်းလဘွဲ့ ပထမပိုင်း)
၂၀:၃၀ အင်္ဂလိပ်စကားပြော သင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင်ချစ်တဲ့ ဆံရစ်နွယ်သို့ (စိန်မောင်မြင့်)
(၂) ယောကျ်ားဆိုတဲ့မိုး(ညွန့်ညွန့်စိန်)
(၃) အုံပုန်းချစ် (ဂီတလုလင် မောင်ကိုကို)

မန္တလေးတိုင်း သာစည်မြို့နယ် ကုန်းတောင်းကျေးရွာအုပ်စုတွင် တစ်ဧက ၁၄၁ တင်း ထွက်ရှိခဲ့သည်။

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင် စေတီတော် အရှေ့ဘက် သတ္တဋ္ဌာန ဗုဒ္ဓရုနစ်ဆူ ရုပ်ပွားတော်များ တည်ရှိရာ သုမင်္ဂလာရာမ လယ်တီ ဝိပဿနာကျောင်းတိုက်ကြီး၌ သတ္တဋ္ဌာန ဗုဒ္ဓါနုဿတိ ကိုးရက်စခန်း အဓိဋ္ဌာန် ပွဲကြီးနှင့် ဓာတ်ကြီး လေးပါး ဆွမ်းကပ်လှူပွဲကို စက်တင်ဘာ ၁၇ ရက်က ယင်းကျောင်းတိုက် အောင်မွှာရုံ၌ကျင်းပရာ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာသဘအရှင်သူမြတ်က ဗုဒ္ဓါနုဿတိ အဓိဋ္ဌာန်တရားတော်များ ဟောကြားချီးမြှင့်တော်မူစဉ်။ (ဝ၅၂)

ချယ်ရီလမ်း ကျောက်ချောခင်း

ကွန်ဟိန်း စက်တင်ဘာ ၁၀

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးသာလှမော်နှင့် အဖွဲ့ဝန်ထမ်းများ၊ ကွန်ဟိန်းမြို့ အမှတ်(၁)ရပ်ကွက် ချယ်ရီလမ်းသူ လမ်းသားများနှင့် ပူးပေါင်း၍ ချယ်ရီလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၄ ရက်က အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းခင် မောင်ဆွေတို့ ကွင်းဆင်းကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ (က-ပ)



ပုသိမ်မြို့ နီဂြောဓလမ်း မဟာဝိသုဒ္ဓါရာမ မောင်းထောင်ပရိယတ္တိစာသင်တိုက်၌ ကိန်းအောင်စံပယ်လျက်ရှိသော အောင်မြေအေးချမ်းပြည့်ဝချမ်းသာနီး ဘုရားကြီးအား တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ပညာဓိက ဂန္ထဝါစကပဏ္ဍိတ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်)က ကြီးမှူး၍ ရွှေသင်္ကန်းကပ်လှူရန်နှင့် ဂန္ဓကုဋိကျောင်းတော်တည်ဆောက်ရန် ပုသိမ်မြို့ မင်းရဲကျော်စွာလမ်းနေ ဦးကျင်ဟန်-ဒေါ်ခင်မြင့်တို့က ငွေကျပ်တစ်သိန်းကို တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပလောက်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ပလောက် စက်တင်ဘာ ၉

မြိတ်ခရိုင် ပလောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ရက်က ပလောက်မြို့ အမှတ်(၁)ရပ်ကွက် နှင်းဆီလမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြောင်းဖော်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးမျိုးဝင်းလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသန်းမင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ကျေးလက်ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နမ့်စန်မြို့ မက်မုန်မွန်းရွာ ကျေးလက်ကျောက်ချောလမ်း အပိုင်း(၂) ခင်းရန် ကျောက်စုဆောင်းမှု အခြေအနေကို ဩဂုတ် ၁၄ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မတူပီမြို့၌ မိုးရာသီလှူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုး

မတူပီ စက်တင်ဘာ ၇

ချင်းပြည်နယ် တောင်ပိုင်း မတူပီမြို့နယ်၏ ၂၀၀၇ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း၌ ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းဦးက ဂျပန်ချယ်ရီပင်ကို စတင်စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ စိုက်ပျိုးမှုကို ကြည့်ရှု အားပေးသည်။

အခမ်းအနားသို့ မတူပီမြို့နယ် ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့ပေါ် လေးရပ်ကွက်ရှိ ဥက္ကဋ္ဌများနှင့် ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၃၅၀ ကျော် တက်ရောက်စိုက်ပျိုးကြသည်။

အခမ်းအနားတွင် ဂျပန်ချယ်ရီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ စွယ်တော်ပင် စုစုပေါင်းအပင်၂၀၀၀၊လက်ဖက်အပင် ၂၂၀၀၊ ထောပတ်ပင် ၅၀၀နှင့် တညင်းပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ဩဂုတ် ၂၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးလုကာ မိုင်းတုံမြို့ စည်ပင်သာယာရေး အဖွဲ့ ဆောင် ရွက် ထား သော မြို့ဝင်ဆိုင်းဘုတ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် သုတတံခွန် စာကြည့်တိုက် အဆောက်အအုံဖွင့် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ကျိုက်ထို စက်တင်ဘာ ၈

ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးရွာ သုတတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁၂ရက် နံနက် ၁၀ နာရီကကျင်းပရာ သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ကျူချောင်ကျေးရွာ သုတတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ် စာစောင်အုပ်၁၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ၂၅အုပ်၊ ကျူချောင်ကျေးရွာမှ ဦးမင်းသိန်းမိသားစုက စာအုပ် ၈၇အုပ်၊ ဦးထွန်းထွန်းက ရသစာအုပ် ၈၃အုပ်၊ ကျေးရွာရှိ အလှူရှင်များက ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေကျပ် ၃၀၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်က ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး(စည်းကမ်း) ဦးအေးမင်းထွန်း ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ကလေးမြို့တွင်း လမ်းဘေးရေမြောင်းများတွင် ခြင်ဆေးဖျန်း ဆောင်ရွက်ကြစဉ်။

(၄၁၇)

မုံရွာမြို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

မုံရွာ စက်တင်ဘာ ၉

မုံရွာမြို့ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဂီတရသခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာမြို့ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဆိုကာလပေါ် ပြိုင်ပွဲတွင် ပထမဆုရ မောင်ဇော်ထက်အောင်နှင့် မအိအိထွန်းတို့ အားလည်းကောင်း **(ယာပုံ)**၊ မြို့နယ်အဖွဲ့ဝင် (၁) ဒုတိယ ရဲမှူးတင်သိန်းက အကပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိကြသော ပြိုင်ပွဲဝင်များအား လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းဆွေက အရေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရသူများအားလည်းကောင်း၊ မြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မောင်တင်က အတီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရသူ အနုပညာရှင်များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

၁၉-၇-၂၀၀၇ ရက်နှင့် ၂၄-၈-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ပါ ဒေါ်မြင့်မြင့်နွယ်နှင့် ဦးသိန်းထွန်းတို့၏ ကြေညာချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေရှင်းသတိပေးကြေညာခြင်း

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(က-ဂ)ရပ်ကွက်၊ တာမွေလမ်း၊ အမှတ်၁၂၈၊ သုံးခန်းတွဲ ရှစ်ထပ်တိုက်အိမ် တိုက်ခန်းများနှင့် လှေကားခွင်များနှင့်စပ်လျဉ်း၍ ဆောက်လုပ်သူ ကန်ထရိုက်တာ ဦးမိုးကျော်နှင့် မြေရှင်ဒေါ်လှမြင့်တို့ ချုပ်ဆိုထားသော ၁၂-၈-၁၉၉၆ရက်စွဲပါ အဆောက်အအုံဆောက်လုပ်ရန် နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်နှင့် နောက်ထပ်ချုပ်ဆိုထားသော စာချုပ်များသည် ကန်ထရိုက်တာ ဦးမိုးကျော်နှင့် ကွယ်လွန်သူ မြေရှင် ဒေါ်လှမြင့်၏ အမွေစား၊ အမွေခံတို့အကြား အတည်ဖြစ်လျက်ရှိပါသည်။

အဆိုပါတိုက်အိမ်တိုက်ခန်း လှေကားခွင်တို့နှင့်စပ်လျဉ်း၍ ကန်ထရိုက်တာ ဦးမိုးကျော်ကို ၈-၈-၁၉၉၆ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဦးသိန်းထွန်း၏ကိုယ်စားလှယ်လွှဲအပ်မှုမှာ မိခင်ဖြစ်သူ မြေရှင် ဒေါ်လှမြင့်နှင့် ညီဖြစ်သူ ဦးခင်ဇော်တို့ ကွယ်လွန်သွားသော်လည်း အတည်ဖြစ်လျက်ရှိပါသည်။

ကန်ထရိုက်တာ ဦးမိုးကျော်သည် အဆိုပါတိုက်အိမ်တိုက်ခန်း လှေကားခွင်တို့နှင့်စပ်လျဉ်း၍ ဆောက်လုပ်ပြီးစီးပြီးနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အပ်နှံလွှဲပြောင်းပေးထား၍ လက်ရှိဖြစ်လျက်ရှိပြီး အဆောက်အအုံပြီးစီးကြောင်းနှင့် နေထိုင်ခွင့်လက်မှတ်ရရှိရန် လျှောက်ထားခဲ့သည်တွင် လုပ်ငန်းစပ်တူလုပ်ကိုင်ရန် သဘောတူကတိစာချုပ်ပြုလုပ်ချုပ်ဆိုထားသူများနှင့် အငြင်းပွားခဲ့၍ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်နေသည်ဖြစ်ရာ ကွယ်လွန်သူဒေါ်လှမြင့်၏ချွေးမဒေါ်မြင့်မြင့်နွယ်နှင့် ဦးသိန်းထွန်းတို့က တရားဝင်အမွေဆက်ခံမှု အထောက်အထားကင်းမဲ့စွာဖြင့် တားမြစ်ပိတ်ပင်ခြင်း၊ မမှန်မကန် ကြေညာခြင်းမှာ တရားစီရင်ရေးကို စွက်ဖက်ရာရောက်သည့်အပြင် အဆောက်အအုံပြီးစီးကြောင်းနှင့် နေထိုင်ခွင့်လက်မှတ်ရရှိရေးကို နှောင့်ယှက်ရာရောက်ကာ ဦးမိုးကျော်အား နစ်နာစေသည့်အတွက် သက်ဆိုင်သူများမှ ပြန်လည်ရုပ်သိမ်းခြင်းမရှိလျှင် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်း သတိပေးကြော်ငြာအပ်ပါသည်။

ဦးမိုးကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းထိန်	**ဒေါ်ဖြူဖြူညွန့်**
B.A, H.G.P, R.L, D.B.L, D.M.L	**B.A, H.G.P, D.B.L, D.M.L**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**
ဒေါ်စန်းစန်းတင့်	**ဒေါ်ခင်သန့်သန့်စိုး**
LL.B, LL.M	**LL.B**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
(အရှေ့ပိုင်းခရိုင်တရားရုံးနှင့် တာမွေမြို့နယ်ဥပဒေရုံးရှေ့)

ရွှေပါရမီ သွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ဒါနဥပပါရမီ မေတ္တာသွေးစုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာ ၂၃ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ နံနက် ၉ နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်သွေးလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖခင်အမည်မှန်

ရွှေညောင်မြို့ အထက တက္ကသိုလ်ဝင်တန်း(E)မှ မောင်ကျော်ကျော်သင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဝင်း ဖြစ်ပါကြောင်း။ **ဦးသိန်းဇော်ဝင်း။**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အဝေးသင်တက္ကသိုလ်များ၏ ၂၀၀၈ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ **ချိပ်ပိတ်ဈေးနှုန်းလွှာ** တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုး၊ ဖြန့်ချိခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုး၊ ဖြန့်ချိခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုး၊ ဖြန့်ချိခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် စီဒီနှင့်ဗွီစီဒီများ ကူးယူ၊ ထုပ်ပိုး၊ ဖြန့်ချိခြင်းလုပ်ငန်း

၂။ ချိပ်ပိတ်ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို ၁၉-၉-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်-

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ချိပ်ပိတ်ဈေးနှုန်းလွှာများကို **၃-၁၀-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံး**တွင် ထည့်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်များကို အထက်ဖော်ပြပါ လိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၅၀၂၂၅၇၊ ၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၂-၆၀၅၄၄နှင့် ၀၂-၆၂၁၇၀သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာပို့ချချက် စီဒီ၊ ဗွီစီဒီများထုတ်လုပ်ရေးလုပ်ငန်းကော်မတီ။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃၂(အမ်)

မန်နေဂျာ	**နှင့်**	၁။ ဦးသန်းအောင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်အုန်းရွှေ
ကလောမြို့		
တရားနိုင်		**တရားရှုံး**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ် ၆၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါ ပစ္စည်းများကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၂၃ ရက်၊ (၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကလောမြို့နယ် အောင်ပန်းမြို့၊ မြို့ဟောင်းရပ်ကွက် အကွက်အမှတ် ၁၁ (မြို့ဟောင်းရပ်) ဦးပိုင်အမှတ်(၉၈) ဧရိယာ ၀ ဒသမ ၁၄၉ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး။

လေလံကြမ်းခင်းဈေးကျပ် သိန်း၃၀၀တိတိ။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါ အချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်းသို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့။

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ပုဂံမြို့ ယွန်းပညာကောလိပ်သင်တန်းများကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းများ-
(က) ယွန်းအတတ်ပညာဒီပလိုမာ (၂)နှစ်သင်တန်း Dip LT(Diploma in Lacquerware Technology) 2 Year Course
(ခ) ယွန်းအတတ်ပညာဒီပလိုမာ(၁)နှစ်သင်တန်း Dip LT(Diploma in Lacquerware Technology)1 Year Course
၃။ သင်တန်းဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ-
(က) (၂)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ (မည်သည့်ဘာသာတွဲဖြင့် အောင်မြင်သူမဆို)အသက် (၂၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ခ) (၁)နှစ်သင်တန်းအတွက် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူ ဖြစ်ရမည်။ အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းပြီး ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။
၄။ ပေးအပ်သည့်ဘွဲ့ ဒီပလိုမာ-
(က) ယွန်းအတတ်ပညာဒီပလိုမာ Dip LT (Diploma in Lacquerware Technology)
(ခ) ယွန်းအတတ်ပညာ ဒီပလိုမာ (၂)နှစ်သင်တန်းအောင်မြင်ပြီးသူများသည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်(သို့မဟုတ်)အလားတူ စီးပွားရေးတက္ကသိုလ်တစ်ခုခု၏ ဒုတိယနှစ်သို့လည်းကောင်း၊ အဝေးသင်တက္ကသိုလ်၏ ဒုတိယနှစ် ဝိဇ္ဇာ(စီးပွားရေး) သို့လည်းကောင်း သတ်မှတ်ချက်နှင့်အညီ တက်ရောက်ခွင့်ရရှိမည် ဖြစ်ပါသည်။
၅။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-
(က) (၂)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)နှင့် အမှတ်စာရင်း (မိတ္တူ)ရွေးချယ်ခြင်းခံရပါက မူရင်းတင်ပြရမည်။
(ခ) (၁)နှစ်သင်တန်းအတွက် ဘွဲ့လက်မှတ်(မိတ္တူ)(ရွေးချယ်ခြင်းခံရပါက မူရင်းတင်ပြရမည်။)
(ဂ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်မူရင်း။
(ဃ) ကျန်းမာကြောင်း မြို့နယ်ဒေသန္တရကျန်းမာရေးဌာန၏ ထောက်ခံချက်မူရင်း။
၆။ လျှောက်လွှာကို ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။
၇။ လျှောက်လွှာနှင့်ဝင်ခွင့်လမ်းညွှန်များ ဝယ်ယူနိုင်သည့်နေရာများ-
(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန(ရုံးချုပ်)၊ သမဝါယမဝန်ကြီးဌာန၊ အဆောက်အအုံအမှတ်(၁၆)၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၀၂၇၊ ၄၁၀၂၇၃။
(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး) ၂၅လမ်းနှင့်၈၂လမ်းထောင့် မန္တလေးမြို့ တယ်လီဖုန်းအမှတ်-၀၂-၃၉၆၀၉။
(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) မြောက်ဥက္ကလာပမြို့နယ် ရန်ကုန် တယ်လီဖုန်းအမှတ် ၀၁-၆၆၁၃၅၃၊ ၆၆၅၈၀၆။
(ဃ) ယွန်းပညာကောလိပ် ပုဂံမြို့ တယ်လီဖုန်းအမှတ် ၀၆၁-၆၀၂၆၇၊ ၆၀၀၆၇။
၈။ ဝင်ခွင့်လျှောက်လွှာများကို ယွန်းပညာကောလိပ်၊ ပုဂံမြို့သို့လည်းကောင်း၊ မိမိတို့လျှောက်လွှာဝယ်ယူသည့် အထက်ပါဌာနများသို့လည်းကောင်း တင်သွင်းရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၀၀၇ခုနှစ် နိုဝင်ဘာလ ၂၅ရက် ဖြစ်ပါသည်။
၉။ အသေးစိတ်သိလိုပါက အထက်ဖော်ပြပါ ဌာနများတွင် စုံစမ်းနိုင်ပါသည်။

အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် အကွက်အမှတ်(၁၈) မြေကွက်အမှတ် ၁၃/၃၅၆၊ ဦးပိုင်အမှတ် ၁၈၁၊ ဧရိယာ ၀ ဒသမ ၄၆၆ ရှိ မြေနေရာနှင့် အဆောက်အအုံအား မြေငှားဂရန် အမှုတွဲအမှတ် (၃၆၆-က/၇၇-၇၈)အရ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးခင် ၁၃/တကန(နိုင်)၀၇၉၅၈၅၏ သားသမီးနှစ်ဦးဖြစ်သည့် ဦးဝင်းဇော်၊ ဒေါ်မိုးမိုးခင်တို့အား အမည်ဖြည့်စွက်၍ ခွဲစိတ်ကျန်အမည်ပြောင်းဂရန် လျှောက်ထားရာ ၎င်းမြေငှားဂရန်အမှုတွဲအမှတ် (၃၆၆-က/၇၇-၇၈) ဂရန်မူရင်းသည် ပျောက်ဆုံးနေပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်လျှောက်ထားနိုင်ပါကြောင်း။

ဒေါ်အေးခင်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

၁၃/တကန(နိုင်)၀၄၉၃၇၃ ကိုင်ဆောင်သူ မောင်ချစ်ညိုထွေးသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ပြုလုပ်ဆဲဖြစ်ပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

မိခင်-ဒေါ်တင်အေး(တောင်ကြီး)။

အမည်ပြောင်းလဲခေါ်ပါရန်

အဖ ဦးအောင်မျိုးညွန့်၏ သားဘားအံမြို့ အမှတ်-၄ အထကကျောင်း ပထမတန်းမှ မောင်အောင်ထွဏ်းလင်းအား မောင်အောင်ထွဋ်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ထွဋ်လင်း။**

သင့်သွေးဖြင့် အသက်ကယ်ပါ

မတ္တရာမြို့ သာစည်ကျေးရွာတွင် လက်နှိပ်တုံကင်ပြင်ဆင်နေမှုကို ဇူလိုင် ၁၈ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အောင်လံမြို့တွင် ဈေး၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ရပ်ကွက်ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဩဂုတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် ကျန်းမာရေးမှူး(၂) ဦးသက်လွင်တို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

ခရမ်းမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများ ဘုရားလမ်းနှင့် ပြည်တော်သာလမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်မှုကို ဩဂုတ် ၁၁ရက်က အမှုဆောင်အရာရှိ ဦးနေမျိုးလင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

တိုင်းမှူးဗိုလ်ချုပ်သာအေး မုံရွာမြို့ ဒေသဖွံ့ဖြိုးရေး လှည့်လည်ကြည့်ရှုစစ်ဆေး လမ်းများရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးမှာကြား

နေပြည်တော် စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ ရေထိန်းတံခါးများ၊ ရေကင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားကာ ပုဂ္ဂလိကလုပ်ငန်းအမြန်ရေယာဉ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဖောက်လုပ်လျက်ရှိသော မုံရွာမြို့အဝင် ဗိုလ်ချုပ်လမ်းမကြီးအား လေးလမ်းသွားအပြိုင် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မုံရွာမြို့ မဟာဗောဓိတစ်ထောင်ကျောင်းဝင်းအတွင်း လေးကျွန်းစကြာ ရုပ်တော်မှုဘုရားကြီးတည်ဆောက်ပြီးစီးမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရေရှည်တည်တံ့ရေး

ထို့နောက် တိုင်းမှူးသည် စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုလမ်း ကတ္တရာခင်းကျင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးတို့ကိုမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်ဦး၊ မင်းဘူးနှင့် မကွေးမြို့ စိုးရိမ်ရေမှတ်ကျော်လွန်

နေပြည်တော် စက်တင်ဘာ ၂၁

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ညောင်ဦးမြို့၌ ၂၁၇၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၅၈ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၁၂၀ အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့၌ စင်တီမီတာ၁၇၉၀ ၊ မကွေးမြို့၌ စင်တီမီတာ၁၇၈၀ နှင့် အောင်လံမြို့၌ ၂၅၅၆ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မင်းဘူးမြို့၌ စင်တီမီတာ၉၀ ၊ မကွေးမြို့၌ စင်တီမီတာ ၈၀ နှင့် အောင်လံမြို့၌ ၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း မင်းဘူးမြို့နှင့်မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၇၀၀ နှင့် အောင်လံမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၅၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❑ **အီဂျစ်နိုင်ငံတောင်ပိုင်း လူဇွာမြို့အနီးတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက ရှေးဟောင်းအဆောက်အအုံပျက်တစ်ခုကို သုတေသနပညာရှင်များက စက်တင်ဘာ၂၀ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါအဆောက်အအုံမှာ ဘီစီ ၁၃၀၄ ခန့်က တည်ဆောက်ခဲ့သည့် ဘုရားကျောင်းတစ်ခုဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ ယူဂန္ဓာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စက်တင်ဘာ ၂၁ ရက်၌ ၄၇ ဦး သေဆုံးခဲ့ရကြောင်း၊ ဒေသခံပြည်သူ ၅၀၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❑ **ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း ပါနမ်ဘူကိုမြို့၌ အသက် ၅၁ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးက လာမည့်အောက်တိုဘာ ၁၂ ရက်၌ ကလေးမွေးဖွားမည်ဖြစ်ကြောင်း၊ ယင်းမှာ အငှားကိုယ်ဝန်ဆောင်မွေးဖွားခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ မီးတောင်တစ်ခုမှ စီးထွက်သော ချော်ရည်များအောက်မှ လွန်ခဲ့သည့် နှစ်ပေါင်းသန်း၁၂၀ ခန့်က အသက်ရှင် နေထိုင်ခဲ့သော ဒိုင်နိုဆော ခြောက်ကောင်၏ အရိုးစုများကို တရုတ်သုတေသနပညာရှင်များက စက်တင်ဘာ ၂၀ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**



❑ **အာတိတ်သမုဒ္ဒရာမှ ရေခဲပြင်ကြီးသည် တဖြည်းဖြည်း အရည်ပျော်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က တိုင်းထွာချက်များအရ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်က အကျယ်အဝန်း ၅ဒသမ ၃၂ သန်း စတုရန်းကီလိုမီတာရှိခဲ့ရာမှ ယခုအခါ အကျယ်အဝန်း ၄ဒသမ ၁၃ သန်း စတုရန်းကီလိုမီတာသာ ရှိတော့ကြောင်း အမေရိကန်အမျိုးသားဆီးနှင်းနှင့် ရေခဲများဆိုင်ရာမှတ်တမ်းဌာနက သတင်းထုတ်ပြန်သည်။**

(အပေါ်ပုံ)

❖ ပီရူးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သောနှစ် ၁၂၀၀ ခန့်က မံမီရုပ်အလောင်း ၄၀ခန့်ကို သုတေသနပညာရှင်များက စက်တင်ဘာ၂၀ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အမျိုးသားနှင့် အမျိုးသမီး မံမီရုပ်အလောင်းများဖြစ်ပြီး အုယူဘမ်ဘာမြစ်အနီး မြေအောက်မှ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❑ **ရုရှားနိုင်ငံအလယ်ပိုင်းတွင် ပြီးခဲ့သည့်သီတင်းနှစ်ပတ်ခန့်က ပျက်ကျခဲ့သော အမ်အိုင်-၈ ရဟတ်ယာဉ်နှင့် သေဆုံးသူခြောက်ဦးတို့အား စက်တင်ဘာ၂၁ရက် နံနက်က ပြန်လည်ရှာဖွေ တွေ့ရှိပြီဖြစ်ကြောင်း၊ တွေ့ရှိသည့်နေရာမှာ ခန်မိုင်တောင်အနီး၌ဖြစ်ကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။**

❖ တန်ဇန်းနီးယားနိုင်ငံတောင်ပိုင်း အမ်ဘီယာမြို့အနီး အမ်တိုကီလာကျေးရွာတွင် စက်တင်ဘာ ၂၀ရက်က ကုန်တင်ကားတစ်စီး တိမ်းမှောက်သဖြင့် လမ်းဘေး၌ကစားနေသော အသက်နှစ်နှစ်မှ ၁၃ နှစ်အရွယ် ကလေးငယ်ကိုးဦး သေဆုံးသွားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)